# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ရက်၊ ၂၀၁၀ ခုနှစ်၊ ဩဂုတ် ၆ရက်၊ သောကြာနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၀၅)


| နိုင်ငံရေး ဦးတည်ချက်(၄)ရပ် | စီးပွားရေး ဦးတည်ချက်(၄)ရပ် | လူမှုရေး ဦးတည်ချက်(၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး |
| * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး | * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး | * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး |
| * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ် လာရေး | * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီး များ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး | * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာ ရည်မြင့်မားရေး |

## နိုင်ငံရေးပါတီတည်ထောင်ခွင့်များ
## စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော်  ဩဂုတ်  ၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားသည့်အဖွဲ့များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ လူမျိုးပေါင်းစုံ စည်းလုံး ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ(ကယားပြည်နယ်)သည် နိုင်ငံရေးပါတီ များ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရ သဖြင့် ကော်မရှင်က ၂၀၁၀ ခုနှစ် ဩဂုတ် ၅ရက်တွင် နိုင်ငံရေးပါတီအဖြစ် တည်ထောင်ခွင့်ပြုလိုက်သည်။

**စိစစ်ဆောင်ရွက်**

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီ (၄၆)ပါတီရှိပြီး နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထား သည့် ပါတီ (၄၀)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထား သည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**






**ရဲရွာရေအားလျှပ်စစ်စီမံကိန်း**

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

[လျှပ်စစ်(၁)]

# တစ်နှစ်လျှင် ပျမ်းမျှဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀သန်း ထုတ်လုပ်ပေးနိုင်မည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း

## အမှတ်(၁)နှင့် အမှတ်(၂)စက်တို့မှ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ပေးလျက်ရှိ

နေပြည်တော်  ဩဂုတ်  ၅

**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းသည် ဩဂုတ် ၄ရက် ညနေပိုင်းတွင် မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁မိုင်ခန့်အကွာ ရဲ-ယမန်းရွာအနီး အမှတ်(၂)တည်ဆောက်ရေးမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိသည်။**

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တမံယာဘက်ကမ်းရှိ ရှုရပ်မှနေ၍ စီမံကိန်းလုပ်ငန်းခွင် အတွင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ပင်မရေပိုလွှဲ (Spillway) ရေလွှဲကျနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဝန်ကြီး သည် ပင်မတမံပေါ်မှ ပင်မတမံအတွင်း ရေဝင်ရောက်မှု အခြေအနေများနှင့် ပင်မရေပိုလွှဲ (Spillway) မှ ရေများလျှံကျနေမှု အခြေအနေတို့ကို လည်းကောင်း၊ ဖိအားမြှင့် သံမဏိပိုက်လိုင်း တပ်ဆင်ပြီးစီးမှုနှင့် ဓာတ်အား ပေးစက်ရုံ တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကိုလည်းကောင်း၊ Tail-race Channel & Switch yard Slope Protection လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

**ထုတ်လွှတ်မောင်းနှင်**

ဆက်လက်၍ ဓာတ်အားပေးစက်ရုံအတွင်း အမှတ်(၁)စက်နှင့် အမှတ်(၂)စက်တို့မှ *စာမျက်နှာ ၃ ကော်လံ ၁* ✻

**မြန်မာ့အလင်း ပြည်တွင်းနှင့် နိုင်ငံတကာ သတင်းအညွှန်း**

‘ဝိတ်တန်းအလိုက် အကောင်းဆုံး လက်ဝှေ့ သမားများ’ (စာ-၁၂)





‘လီဗာပူးအသင်းအား ရောင်းချတော့မည်လား’ (စာ-၁၂)

‘နယ်သာလန် အမျိုးသမီးငယ် ရွက်လှေဖြင့် ကမ္ဘာပတ်ရန် စတင် ထွက်ခွာ’ (စာ-၄)





‘ပြည်နယ်နှင့်တိုင်းများသို့ စက်ဘီးဖြင့် မိုင် ၂၆၀၀ ခရီး ထွက်ခဲ့သော အသက်(၈၀) အရွယ် အဘိုးအိုအားဂုဏ်ပြု’ (စာ-၁၀)

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဩဂုတ် ၆ ရက်)

# သွေးလှူခြင်းသည် မြတ်သောအလှူ ကျန်းမာခြင်းကို သက်သေထူ

'သွေးသည် အသက်'ဟူသော ဆိုစကားရှိသည်။ လူတစ်ဦး အသက်ရှင် နေထိုင်နိုင်ရေးအတွက် ခန္ဓာကိုယ်အတွင်း၌ သတ်မှတ်ထားသော သွေးပမာဏရှိရန် လိုအပ်သည်။ ထိုပမာဏထက် လျော့နည်းပါက လူ့အသက်ကို ထိခိုက်နိုင်သည်။ ဤကား သွေးသည် လူ့အသက်တမျှ အရေးကြီးပုံကို ဖော်ညွှန်းခြင်း ဖြစ်သည်။

ထိုသို့ အသက်တမျှ အရေးကြီးသောသွေးကို စေတနာ၊ မေတ္တာရှေ့ထား၍ သွေးလိုအပ်နေသူများအား ပေးအပ်လှူဒါန်းခြင်းဖြင့် မြတ်သော ကုသိုလ်ထူးကို ရနိုင်သည်။

ထိုမြတ်သောအလှူကို မမေ့မလျော့ပြုနိုင်စေခြင်းငှာ 'သင့်သွေးဖြင့် အသက်ကယ်ပါ'ဟူ၍ တိုက်တွန်းနှိုးဆော်သည့် ဆောင်ပုဒ်များ နေရာတိုင်းတွင် တွေ့မြင်လာရသည်။

စေတနာသွေးလှူရှင်တို့မည်သည် သွေးကိုမိမိတို့သဘောအလျောက် လှူဒါန်းကြခြင်းဖြစ်ပြီး ယင်းသို့ ပေးလှူခြင်းအတွက် ပစ္စည်းနှင့် အခကြေးငွေ တစ်စုံတစ်ရာမျှော်ကိုးရယူခြင်း မရှိသောသူများ ဖြစ်သည်။ တစ်ချိန်တည်း၌ သွေးလှူခွင့်ရရှိသောသူများ ရရှိနိုင်သော ဆုလာဘ်မှာ ကိုယ်တိုင် ကျန်းမာခြင်းပကတိရှိနေခြင်း ဖြစ်သည်။

မိမိသွေးသန့်မှသာ သွေးလှူနိုင်သည့် အခွင့်အရေးကို ရရှိကြမည်ဖြစ်ပေသည်။

ပညာရှင်များက လူသားများအားလုံးသည် မိမိတို့သွေးကို လှူဒါန်းသင့်ကြောင်း၊ သတိမပြုမိ၍သာ သွေးလှူဒါန်းမှု မပြုကြခြင်းဖြစ်ကြောင်း သုံးသပ်ကြသည်။ သွေးလှူရှင်လှူလိုက်သော သွေးတစ်စက်သည် အမှန်တကယ်သွေးလိုအပ်နေသူ လူနာများအတွက် အသက်ကယ်လိုက်နိုင်ခြင်းဖြစ်ကြောင်းကို သိရှိသည့်အခါ မိမိကိုယ်တိုင် ဝမ်းသာပီတိဖြစ်ရသည်။

သွေးလှူဘဏ်များတွင် သွေးလှူရှင်များကို စနစ်တကျမှတ်တမ်းတင်ထားရှိပြီး လိုအပ်သည့်အချိန်တွင် ဆက်သွယ်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိသည်။ သွေးလှူရှင်များသည်လည်း မိမိတို့၏ကျန်းမာရေးကို စောင့်ရှောက်စစ်ဆေးပြီး အချိန်မှန်ပြန်လည်လှူဒါန်းနိုင်သည်။

အမှန်ဆိုရပါမူ သွေးလှူနိုင်မှု အခွင့်အရေးရရှိခြင်း သို့မဟုတ် သွေးလှူဒါန်းခြင်းသည် မိမိ၏ ကျန်းမာရေးကောင်းမွန်မှုကို ဖော်ပြနေခြင်း ဖြစ်သကဲ့သို့ လှူဒါန်းမှုအတွက် ကုသိုလ်ထူးကိုလည်း ရရှိကြမည်ဖြစ်ရာ မြတ်သောအလှူနှင့် ကျန်းမာခြင်းသုခကို သွေးလှူခြင်းဖြင့် တစ်ပြိုင်တည်း ရယူကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မေတ္တာပြုဟာအဖွဲ့ သွေးလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၅

မေတ္တာဖြုဟာအဖွဲ့မှ ကြီးမှူးကျင်းပသည့် အကြိမ် (၁၁၀)မြောက် ဒါနဥပပါရမီ မေတ္တာသွေးလှူဒါန်းပွဲကို ဩဂုတ် ၈ရက် နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းမွှောရုံကြီး၌ ကျင်းပမည်ဖြစ်ရာ သွေးလှူဒါန်းလိုသူတိုင်း လာရောက် သွေးလှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား

၆-၈-၂၀၁၀ (သောကြာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | တရားတော် |
| ၇:၂၀ | ၃။ | အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ ဘဝနေနည်း ရှေ့ခရီးမှာ |
| ၇:၂၅ | ၄။ | ဓမ္မပူဇာတေး |
| ၇:၃၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၇:၃၅ | ၆။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၄၀ | ၇။ | မြန်မာသံစဉ် ချိုနားဝင် |
| ၇:၅၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၄၀ | ၃။ | မြတ်နိုးကြစေအမျိုးသားအမွေ |
| ၄:၄၅ | ၄။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄:၅၀ | ၅။ | မဟာဂီတ ချိုကြည်မြ |
| ၅:၀၀ | ၆။ | မျိုးချစ်တပ်မတော် |
| ၅:၀၅ | ၇။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၅:၁၅ | ၈။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၅:၂၀ | ၉။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅:၃၀ | ၁၀။ | သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **လွင်ပြင်ထဲကခြသေ့်များ** (ဇာတ်သိမ်း) |
| ၆:၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၂၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆:၂၅ | ၁၃။ | လျှပ်တစ်ပြက် |
| ၆:၃၀ | ၁၄။ | **ရွာ** ဟာသဇာတ်လမ်းတွဲ |
| ၆:၅၀ | ၁၅။ | စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား |
| ၇:၀၀ | ၁၆။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့သူရဲကောင်း** (အပိုင်း-၃၈) |
| ၈:၀၀ | ၁၇။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၈။ | နိုင်ငံတကာသတင်း |
| | ၁၉။ | မိုးလေဝသသတင်း |
| | ၂၀။ | အမျိုးသားရေးတေးကဗျာ |
| | ၂၁။ | ရှင်သန်နေသောသီချင်းများ |
| | ၂၂။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၃။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဥ္စလက်ပုံရိပ်** (အပိုင်း-၁) |
| | ၂၄။ | ကျန်းမာခြင်းရဲ့လျှို့ဝှက်ချက် |

## ကြို့ပင်ကောက်မြို့နယ် စပါးမျိုးသန့်စံပြကွက် တိုင်းမှူး ဗိုလ်ချုပ်လှမင်း ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၅

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှမင်းသည် ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက ကြို့ပင်ကောက်မြို့နယ် ဥက္ကံကျေးရွာ စပါးမျိုးသန့် စံပြကွက်အတွင်း စပါးစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ပေးအပ်ချီးမြှင့်**

ထိုမှတစ်ဆင့် အုတ်ဖိုမြို့နယ် ပန်းတင်ကျေးရွာ၌ကျင်းပသော မိုးစပါးစုပေါင်းစိုက်ပျိုးခြင်း အခမ်းအနားသို့ တက်ရောက်၍ စုပေါင်းစိုက်ပျိုးနေမှုနှင့် မြေဩဇာကြဲပက်နေမှုတို့ကို ကြည့်ရှုအားပေးကာ ကောက်စိုက်လုံမေများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲ လှည်းကူးမြို့နယ်၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၅

လှည်းကူးမြို့နယ်အတွင်း အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၄ရက် နံနက်၁၀ နာရီက မြို့နယ်ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာယဉ်ယဉ်မိုး**(အပေါ်ပုံ)**က အာဟာရ လှုပ်ရှားမှုနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

**ဆေးတိုက်ကျွေး**

အခမ်းအနားတွင် မြို့နယ် ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းမြတ်သူ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်အောင်တို့က ငါးနှစ်အောက် ကလေးများအား ဗီတာမင်အေဆေးလုံးတိုက်ကျွေးပြီး ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားများနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

## ပညာဝတ်ရည်စာကြည့်တိုက် အဆောက်အအုံသစ် ဆောမြို့နယ် လော်ကားကျေးရွာ၌ဖွင့်

ဆော ဩဂုတ် ၅

မကွေးတိုင်း ဂန့်ဂေါခရိုင် ဆောမြို့နယ် လော်ကားကျေးရွာ ပညာဝတ်ရည် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၂၅ရက် နံနက်၁၀နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ကျင်းပရာ ဆောမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်ဟန်နှင့်အဖွဲ့၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ညွန့်ရီနှင့်အဖွဲ့၊ လော်ကား ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးညွန့်ဟန်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

**ပေးအပ်လှူဒါန်း**

ထို့နောက် ကျေးရွာစာကြည့်တိုက် အတွက် လော်ကားကျေးရွာမှ ဦးစိုးသူရ ထွန်းက သုတ၊ ရသ စာအုပ်နှင့် စာစောင်များ ပေးအပ်လှူဒါန်းသည်။

စာကြည့်တိုက်မှာ အုတ်ကာ၊ သွပ်မိုး၊ ကျောက်စရစ်ခင်းဖြစ်ပြီး ငွေကျပ် သိန်း ၄၀ ကုန်ကျခံဆောက်လုပ်ခဲ့ကာ ကျေးရွာ ပြည်သူများအတွက် စာအုပ်စာစောင်အမျိုး မျိုးနှင့် ရုပ်မြင်သံကြားဖမ်းစက်တို့ကို ထားရှိ ပေးကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## မြေခင်းအလှပြုပြင်

ထားဝယ်မြို့ ရင်ပြင်ပတ်လမ်းရှိ လမ်းလယ်ကျွန်းများတွင် မြေခင်း အလှပြုပြင်ခြင်းလုပ်ငန်းကို ဇူလိုင် ၂၅ရက်က ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် အင်ဂျင်နီယာမှူး ဦးထင်လင်းကျော်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)



# မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမှတ် (၁)စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာချိုဝင်းမော်အား ယင်းဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

* ရှေ့ဖုံးမှ

ဓာတ်အားထုတ်လွှတ် မောင်းနှင်နေမှု၊ အမှတ်(၃) စက်အား Rotor တပ်ဆင်ရန် လုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်နေမှုနှင့် အမှတ်(၄)စက်အတွက် Stator လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ Control Room အတွင်း အမှတ်(၁)စက်နှင့်အမှတ်(၂)စက်တို့မှ ဓာတ်အားထုတ်လွှတ်မောင်းနှင်နေမှုအား Computer System ဖြင့် ဓာတ်အားပို့လွှတ်နေမှုအခြေအနေတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ပင်မတမံအတွင်းရှိ Access Gallery သို့ ရောက်ရှိပြီး တမံအတွင်း ထည့်သွင်းတပ်ဆင်ထားသော Dam Instrument များဖြစ်သည့် **သွန်းလောင်းထားသော RCC ကွန်ကရစ်အတွင်း Dehydraction ကြောင့် ဖြစ်ပေါ်လာမည့် ကွန်ကရစ်အပူချိန်ကို တိုင်းတာရန်အတွက် Thermocouple တပ်ဆင်ထားမှု၊ တမံအတွင်းဖြစ်ပေါ်လာမည့် တွန်းပင့်အားကို တိုင်းတာရန်အတွက် Piezometer တပ်ဆင်ထားမှု၊ ပိုင်းဖြတ်ထားသည့် Block များ၏ ကွာဟမှုနှင့်ရွေ့လျားမှုကို တိုင်းတာရန်အတွက် Jointmeter တပ်ဆင်ထားမှု၊ ရေသိုလှောင်ချိန် တမံတိမ်းစောင်းမှု ရှိ/မရှိကို တိုင်းတာသိရှိနိုင်ရန်အတွက် Plumb Line တပ်ဆင်ထားမှု၊ တမံအုတ်မြစ်ကျောက်များရွေ့လျားမှု ရှိ/မရှိ တိုင်းတာသိရှိရန်အတွက် Rockmeter တပ်ဆင်ထားရှိမှု၊ တမံတိမ်းစောင်းမှု ရှိ/မရှိ တိုင်းတာသိရှိနိုင်ရန်အတွက် Clinometer တပ်ဆင်ထားရှိမှုနှင့် တမံ၏ အရွေ့ဖြစ်ပေါ်မှု ရှိ/မရှိ တိုင်းတာသိရှိနိုင်ရန်အတွက် Geodetic Survey စက်များ တပ်ဆင်ထားရှိမှု** တို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက တာဝန်ရှိသူများအား ကိရိယာများဖြင့် စောင့်ကြပ်စစ်ဆေးမှု၊ တမံရေဝင်ရောက်မှု၊ မျက်မြင်စောင့်ကြပ်စစ်ဆေးမှုတို့ကို ၂၄နာရီပတ်လုံး အဖွဲ့များဖြင့် စစ်ဆေးမှတ်တမ်းတင်ရန် အသေးစိတ် မှာကြားသည်။

အဆိုပါ ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် စက်တစ်လုံးလျှင် ၁၈၇ ဒသမ ၅ မဂ္ဂါဝပ်ရှိသည့် စက်လေးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၇၉၀မဂ္ဂါဝပ်မှ တစ်နှစ်လျှင် ပျမ်းမျှဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀သန်း ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ပြီး ယခုအခါ စက်လေးလုံးအနက် အမှတ်(၁) စက်နှင့် အမှတ်(၂)စက်တို့မှ လျှပ်စစ်ဓာတ်အား ထုတ်လွှတ် မောင်းနှင်ပေးလျက်ရှိကြောင်းနှင့် အမှတ်(၃)စက်ကိုလည်း မကြာမီကာလအတွင်း စက်တပ်ဆင်ပြီးစီးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





**ကြည့်ရှုစစ်ဆေး**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း ပြည် (ရွှေတံခါး)-တောင်ငူ(ကျေးတော)-နေပြည်တော်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ အင်ငါးခွဘူတာနှင့် ပေါက်ခေါင်းဘူတာအကြား ရထားလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

# မိုင် (၂၀)ရှည် ပြည်(ရွှေတံခါး) - ပေါက်ခေါင်းရထားလမ်းပိုင်း
## အချိန်နှင့်တစ်ပြေးညီ ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၃၀ရက် နံနက်ပိုင်းက ပြည်မြို့ ရွှေတံခါးဘူတာသို့ ရောက်ရှိပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ရွှေတံခါးဘူတာမှ အင်ငါးခွဘူတာအထိ အထူးရထားဖြင့် ထွက်ခွာ၍ ရထားလမ်းခင်းခြင်းလုပ်ငန်းနှင့် တံတားများဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အင်ငါးခွဘူတာမှ ပေါက်ခေါင်းဘူတာအထိ သံလမ်းပြေးယာဉ်ဖြင့် ဆက်လက်ထွက်ခွာလျက် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ပေါက်ခေါင်းဘူတာအနီးရှိ ပြည်(ရွှေတံခါး)-တောင်ငူ(ကျေးတော)-နေပြည်တော် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ စီမံကိန်းအင်ဂျင်နီယာက စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဖြည့်ဆည်းပေး**

ဆက်လက်၍ဒုတိယဝန်ကြီးသည် ဥသျှစ်ပင်ကွန်ကရစ်ဇလီဖားစက်ရုံသို့ သွားရောက်၍ ကွန်ကရစ် ဇလီဖားများထုတ်လုပ်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

**ကြိုးပမ်းဆောင်ရွက်**

ပြည်(ရွှေတံခါး)-တောင်ငူ(ကျေးတော)-နေပြည်တော် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော မိုင်(၂၀)ရှည်သည့် ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်းကို အချိန်နှင့်တစ်ပြေးညီ ဖွင့်လှစ်နိုင်ရေးအတွက် မြန်မာ့မီးရထားဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံဆရာဝန်အသင်း ဇီဝကမ္မဗေဒနှင့် ဇီဝဓာတုဗေဒအသင်းခွဲ ဟောပြောဆွေးနွေးပွဲကျင်းပမည်

*ရန်ကုန် ဩဂုတ် ၅*

*မြန်မာနိုင်ငံဆရာဝန်အသင်း ဇီဝကမ္မဗေဒနှင့် ဇီဝဓာတုဗေဒအသင်းခွဲမှ Survival of the Fittest: Adaptation ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲကို ဩဂုတ် ၇ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း အဆောက်အအုံ Auditorium A ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါဟောပြောပွဲတွင် မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါက်တာဦးထွန်းလွင်က လာနီညာရာသီဥတု ဖြစ်ပေါ်လာနိုင်ခြေ သုံးသပ်ချက်ကိုလည်းကောင်း၊ ဆေးတက္ကသိုလ်(၁) ဇီဝကမ္မဗေဒဌာနမှ ပါမောက္ခ ဒေါက်တာမြတ်သန္တာက ရာသီဥတုပြောင်းလဲမှုကိုလိုက်၍ ဇီဝကမ္မဆိုင်ရာပြောင်းလဲမှုများနှင့် လိုက်လျောညီထွေ နေထိုင်ခြင်းအကြောင်းကိုလည်းကောင်း၊ ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှ အငြိမ်းစား ပါမောက္ခ ဒေါ်ခင်အေးဝင်းက ခေတ်၏ပြောင်းလဲမှုကိုလိုက်၍ လူတို့၏ စိတ်ဓာတ်ရင့်ကျက်မှုနှင့် လူမှုရေးစံခံယူချက်များ ပြောင်းလဲလာမှုအကြောင်းကိုလည်းကောင်း၊ ဆေးတက္ကသိုလ်(၁) စိတ်ရောဂါကုပညာဌာနမှ ပါမောက္ခ ဦးခင်မောင်ကြီးက ဖိစီးမှုများနှင့် မည်သို့ရင်ဆိုင်ဖြေရှင်းသင့်သည်များကိုလည်းကောင်း အသီးသီးဟောပြောဆွေးနွေးကြမည်ဖြစ်သည်။*

*ဆက်သွယ်စုံစမ်းနိုင်*

*စိတ်ပါဝင်စားသူများသည် ဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ်(၂)နှင့် တပ်မတော်ဆေးတက္ကသိုလ်တို့ရှိ ဇီဝကမ္မဗေဒဌာနနှင့် ဇီဝဓာတုဗေဒဌာနများသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)*



ဩဂုတ် ၅ရက်က ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ် တစ်ခန်းရပ်ပြဇာတ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို အထက (၂) ဗဟန်း၌ ကျင်းပရာ ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးက တစ်ခန်းရပ်ပြဇာတ်ပြိုင်ပွဲတွင် ပထမဆုရရှိသောအဖွဲ့ကို ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

# ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ အခြေခံပညာကျောင်းများ
## ညွှန်ကြားရေးမှူးချုပ်ဦးအေးလွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၅

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်၂ရက်တွင် ဘော်ဆိုင်းအခြေခံပညာအထက်တန်းကျောင်း၊ အောင်ပန်းမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၉) အခြေခံပညာမူလတန်းလွန်ကျောင်း၊ ပင်းတယမြို့နယ်ရှိ တောင်ပေါ်ကြီး အခြေခံပညာအထက်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

**တွေ့ဆုံမှာကြား**

ထို့အတူ ဩဂုတ် ၃ရက် နံနက်ပိုင်းတွင် ကလောမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကလောမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းခွဲနှင့် တွဲဖက်အထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ အတန်းမှူး၊ ဘာသာရပ်မှူးများနှင့် ဆရာ ဆရာမများအား တွေ့ဆုံမှာကြားခဲ့သည်။

ဆက်လက်၍ ဟိုပုံးမြို့နယ်ရှိ ပင်းပက် အခြေခံပညာအထက်တန်းကျောင်း၊ တောင်ကြီးမြို့နယ်ရှိ အေးသာယာအခြေခံပညာအထက်တန်းကျောင်း၊ ရွှေညောင်အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မွန်းလွဲပိုင်း၌ တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ တောင်ကြီးမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းခွဲနှင့် တွဲဖက်အထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ အတန်းမှူး၊ ဘာသာရပ်မှူးများနှင့် ဆရာ ဆရာမများအား တွေ့ဆုံမှာကြားခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

အလားတူ ဩဂုတ် ၄ရက်တွင် တောင်ကြီးမြို့နယ်ရှိ အောင်သပြေ တွဲဖက်အခြေခံပညာအထက်တန်းကျောင်း၊ ကုန်းပေါ်အခြေခံပညာ အလယ်တန်းကျောင်း၊ ညောင်ရွှေမြို့နယ်ရှိ ခေါင်တိုင်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ကလောမြို့နယ်ရှိ ဟဲဟိုးအခြေခံပညာအထက်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

**စီမံဆောင်ရွက်**

ညွှန်ကြားရေးမှူးချုပ်သည် ကလော၊ တောင်ကြီးမြို့နယ်များရှိ ပညာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံတော်အကြီးအကဲ၏ ပညာရေးဆိုင်ရာ လမ်းညွှန်ချက်(၆)ရပ်ကို အသေးစိတ်ရှင်းလင်းမှာကြားခဲ့ပြီး ၂၀၀၉-၂၀၁၀ပညာသင်နှစ်၌ အောင်ချက်နိမ့်ကျသည့် ကျောင်းများအား ယခုပညာသင်နှစ်တွင် အောင်ချက်မြင့်မားရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ရမည့် အချက်များကိုလည်းကောင်း၊ အောင်ချက်မြင့်သည့် ကျောင်းများအား ဆက်လက်တိုးတက်အောင် ဆောင်ရွက်ရမည့်အချက်များကို လည်းကောင်း မှာကြားကာ PASS System လုပ်ငန်းများနှင့်စပ်လျဉ်း၍ မှာကြားခဲ့ပြီး လိုအပ်သည်များ စီမံဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဟသ်ာတမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ ပညာသင်ထောက်ပံ့ကြေး ပေးအပ်

ဟသ်ာတ ဩဂုတ် ၅

ဟသ်ာတမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၃၁ရက်က ဟသ်ာတမြို့နယ်စစ်မှုထမ်းဟောင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားမှူး တပ်ကြပ်ကြီး ရဲညွန့်(ငြိမ်း)ကဆောင်ရွက်ပြီး မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးမျိုးသန့်(ငြိမ်း)က စစ်မှုထမ်းဟောင်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းများ၏ သားသမီး မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်အဆင့် ကျောင်းသားကျောင်းသူ ၁၃၇ဦးအား ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးမျိုးသန့်(ငြိမ်း)နှင့် ဘဏ္ဍာရေးမှူး ဗိုလ်ကြီးကျော်သန့်(ငြိမ်း)တို့က ပညာသင်ထောက်ပံ့ငွေကျပ် ၁၀သိန်းကို အသီးသီးပေးအပ်ကြသည်။

(၁၇၇)

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၆-၈-၂၀၁၀ (သောကြာနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၀၀ ၆။ အကပြိုင်ပွဲ
၈:၁၅ ၇။ ကြေးမုံရိပ်သွင် တေးနုယဉ်
၈:၂၅ ၈။ ဆည်ရေလျှံလျှံကန့်ဒေါင့် ရေလှောင်တမံ
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၃၀ ၄။ နှောင်းခေတ်တေးပဒေသာ
၄:၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅:၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၁၀ ၇။ မြန်မာစာ၊ မြန်မာစကား
၅:၃၅ ၈။ ရိုးသားဖြူစင် ကလေးတို့အသွင်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၁။ ရသစုံလင် အင်တာနက်ဥယျာဉ်
၇:၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (ဒုတိယတွဲ) (အပိုင်း-၂၃)
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ ခေတ်အဆက်ဆက် အထိမ်းအမှတ်များ (စတီရီယိုတေးသံရှင်များ) (တေးရေး-မင်းချစ်သူ)
၁၇။ လျှပ်တစ်ပြက်ဟာသများ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ပထမပိုင်း) (အပိုင်း-၁၀)
၁၉။ သီချင်းချစ်သူ (L **လွန်းဝါ**)

ဓါတ်မျိုးခုံမျိုးကွဲတွေ ကြွယ်ဝစေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

## အရေးယူပိတ်ဆို့မှုကြောင့် အီရန်စာတင်ငွေ တင်ပို့မှု ထိခိုက်မည်မဟုတ်ဟုဆို

ဘာရိန်း ဩဂုတ် ၅

အီရန်အစိုးရအပေါ် ကုလသမဂ္ဂက မကြာသေးမီက အရေးယူပိတ်ဆို့မှုကြောင့် ဘာရိန်းနိုင်ငံသို့ အီရန်ဓာတ်ငွေ့များ တင်ပို့ရောင်းချမှုကို ထိခိုက်စေမည် မဟုတ်ကြောင်း ဘာရိန်းနိုင်ငံဆိုင်ရာ အီရန်သံအမတ်ကြီး ဟူစိန်အေမာအဗ္ဗဒူလာဟင်က ဩဂုတ် ၄ရက်၌ ပြောကြားလိုက်သည်။

**ဖော်ပြ**

အီရန်နှင့် ဘာရိန်း နှစ်နိုင်ငံအကြား တိုးတက်လျက်ရှိသည့် ကုန်သွယ်ရေးသည် ကုလသမဂ္ဂ၏ အရေးယူပိတ်ဆို့မှုကြောင့် ထိခိုက်မည်မဟုတ်ကြောင်း သံအမတ်ကြီး၏ ပြောကြားချက်ကို မယ်ယာသတင်းဌာနက ကိုးကားဖော်ပြသည်။

**ပိုင်ဆိုင်**

အီရန်နိုင်ငံသည် ရုရှားနိုင်ငံပြီးလျှင် ကမ္ဘာပေါ်တွင် သဘာဝဓာတ်ငွေ့သိုက် အများဆုံး ပိုင်ဆိုင်သည့် နိုင်ငံဖြစ်သည်။

**ပြောကြား**

အီရန်နိုင်ငံအား ဆန့်ကျင်ရေး အစီအစဉ်များတွင် အစ္စရေးနိုင်ငံသည် အဓိကတွန်းအားပေးသည့် နိုင်ငံဖြစ်ကြောင်း အီရန်သံအမတ်ကြီး ဟူစိန်အေမာအဗ္ဗဒူလာဟင်က ပြောကြားသည်။ **(အင်တာနက်)**



## တစ်နာရီ ကီလိုမီတာ ၅၀၀နှုန်းမောင်းနှင်နိုင်သည့်ရထား တရုတ်၌ ၂၀၁၁ ခုနှစ်တွင် စတင်ထုတ်လုပ်မည်

ပေကျင်း ဩဂုတ် ၅

နည်းပညာများ လျင်မြန်စွာတိုးတက်လာမှုကြောင့် တရုတ်နိုင်ငံသည် လာမည့်နှစ်၌ မြန်နှုန်းမြင့် ကျည်ဆန်ရထားများကို စတင်ထုတ်လုပ်တော့မည် ဖြစ်ကြောင်း တရုတ်အရာရှိများက ဩဂုတ် ၅ရက်၌ ပြောကြားသည်။

**ထုတ်လုပ်မည်**

တရုတ်နိုင်ငံ ကျင်တောင်မြို့ရှိ စက်ရုံမှနေ၍ လာမည့် ၂၀၁၁ခုနှစ်မှ စတင်ကာ တစ်နာရီ ကီလိုမီတာ ၅၀၀နှုန်း မောင်းနှင်နိုင်သော မြန်နှုန်းမြင့်ရထားသစ်ကို စတင်ထုတ်လုပ်မည်ဖြစ်သည်။

**စီစဉ်**

တရုတ်နိုင်ငံတွင် လက်ရှိပြေးဆွဲနေသော ရထားများမှာ တစ်နာရီ ကီလိုမီတာ ၃၅၀နှုန်းသာ မောင်းနှင်နိုင်သည်။ **(ဓာတ်ပုံ)** တရုတ်ခေါင်းဆောင်များက မြန်နှုန်းမြင့်ရထားများ ပြည်ပမှ ဝယ်ယူတင်သွင်းမှုကို လျှော့ချပြီး နည်းပညာများ ရယူဖလှယ်ကာ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး တိုက်တွန်းမှုကြောင့် ယခုကဲ့သို့ မြန်နှုန်းမြင့် ကျည်ဆန်ရထားများ ထုတ်လုပ်ရန် စီစဉ်ခြင်းဖြစ်သည်။ **(အင်တာနက်)**

## ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်ရန် ကျူးဘား၌ ဂေါက်ကွင်း ၁၆ကွင်း တည်ဆောက်မည်

ဟာဗားနား ဩဂုတ် ၅

ကမ္ဘာလှည့်ခရီးသွားများ ပိုမိုလာရောက်စေရေးဆွဲဆောင်မှုတစ်ရပ်အဖြစ် ကျူးဘားနိုင်ငံတွင် ဂေါက်ကွင်း ၁၆ကွင်းကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျူးဘားခရီးသွားလုပ်ငန်းဝန်ကြီး မင်နူရယ်မာရီရိုက ဩဂုတ် ၄ရက်၌ ပြောကြားသည်။

**နှစ်ကွင်း**

ကျူးဘားနိုင်ငံတွင် လက်ရှိ၌ ဂေါက်ကွင်းနှစ်ကွင်းသာရှိရာ ၎င်းတို့မှာ ဟာဗားနားမြို့တော်ရှိ ဂေါက်ကွင်းနှင့် ဗာရာဒီယို ဂေါက်ကွင်းတို့ဖြစ်သည်။ တိုးချဲ့တည်ဆောက်မည့် ဂေါက်ကွင်းများကို ယခုနှစ်ကုန်မှ စတင်ကာ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

**ဒုတိယအများဆုံး**

ကျူးဘားနိုင်ငံ၏ ဝင်ငွေများအနက် ခရီးသွားလုပ်ငန်းမှရရှိသော ဝင်ငွေသည် ဒုတိယအများဆုံးဝင်ငွေအဖြစ် ရပ်တည်လျက်ရှိသည်။ ပြီးခဲ့သည့် ၂၀၀၉ခုနှစ်က ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံအထိ ရရှိခဲ့သည်။

**(အင်တာနက်)**



## ဘလက်ဘာရီဖုန်းများ သုံးစွဲမှု ပင်လယ်ကွေ့နိုင်ငံအချို့၌ ပိတ်ပင်

*ရီယာဒ် ဩဂုတ် ၅*

*ဆော်ဒီအာရေဗျနိုင်ငံတစ်ဝန်း ဘလက်ဘာရီလက်ကိုင်ဖုန်းများ အသုံးပြုမှုကို ဩဂုတ် ၆ရက်မှစပြီး ပိတ်ပင်သွားရန် ဆော်ဒီအာရေဗျ ဆက်သွယ်ရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က တယ်လီဖုန်းလုပ်ငန်းအသီးသီးသို့ တိုက်တွန်းဆော်ဩလိုက်သည်။*

*ကြေညာထား*

*ထို့အတူ ယူအေအီးနိုင်ငံကလည်း နိုင်ငံတစ်ဝန်း ဘလက်ဘာရီလက်ကိုင်ဖုန်းများ သုံးစွဲမှု ပိတ်ပင်လိုက်ကြောင်း မကြာမီက ကြေညာထားသည်။ (အပေါ်ပုံ)*

*အဆိုပါ ပင်လယ်ကွေ့နိုင်ငံ နှစ်နိုင်ငံသည် ထိုဖုန်းများသုံးစွဲမှုမှာ လုံခြုံရေး အခြေအနေ စိုးရိမ်နေရသဖြင့် ပိတ်ပင်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။*

*ဖြစ်လာ*

*ယင်းဖုန်းများသည် အီးမေးလ်ပို့နိုင်ခြင်း၊ အင်တာနက်အသုံးပြုနိုင်ခြင်းတို့ကြောင့် မလိုလားအပ်သော အင်တာနက် သတင်းအချက်အလက်များ ပေးပို့မှုဖြစ်ပေါ်နေသဖြင့် လုံခြုံရေးအခြေအနေစိုးရိမ်မှုများ ဖြစ်လာသည်ဟုဆိုသည်။*

*ပြောကြား*

*ယင်းလက်ကိုင်ဖုန်း သုံးစွဲသူများသည် ကွန်ပျူတာများကို အသုံးပြုပြီး ပြည်ပနိုင်ငံများနှင့်ပါ အဆက်အသွယ် ပြုလုပ်လာကြောင်း၊ ယင်းမှာ လုံခြုံရေးအတွက် စိုးရိမ်ရကြောင်း ဆော်ဒီအာရေဗျ ဆက်သွယ်ရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားသည်။ (အင်တာနက်)*



အီတလီတောင်ပိုင်း၌ တောမီးလောင်ကျွမ်းလျက်ရှိရာ ရဟတ်ယာဉ်များဖြင့် မီးငြိမ်းသတ်နေမှုကို ဩဂုတ် ၄ရက်က ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

## အီရန်အတွက် သူလျှိုလုပ်ပေးနေသူများ ကူဝိတ်နိုင်ငံ၌ ဖမ်းဆီးရမိ

ကူဝိတ်စီးတီး ဩဂုတ် ၅

ကူဝိတ်၌ အမျိုးသမီးတစ်ဦးအပါအဝင် လူခြောက်ဦးအား အီရန်နိုင်ငံအတွက် သူလျှိုလုပ်ပေးမှုနှင့်ပတ်သက်ပြီး ကူဝိတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဩဂုတ် ၄ရက်၌ ဖမ်းဆီးခဲ့ကြောင်း ကူဝိတ်အရာရှိများက ပြောကြားသည်။

**ပေးပို့**

ကူဝိတ်နိုင်ငံ စစ်ဘက်နှင့် အမေရိကန်တပ်ဖွဲ့ဝင်များ၏ လှုပ်ရှားမှုအခြေအနေများကို အီရန်အာဏာပိုင်များထံ သတင်းအချက်အလက်များ ပေးပို့ခဲ့သည်ဟု ခိုင်မာသည့်အထောက်အထားများကြောင့် ယခုကဲ့သို့ ၎င်းတို့အား ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

**စုံစမ်း**

အီရန်တို့ကမူ ထိုသို့ ဖမ်းဆီးမှုအပေါ် တစ်စုံတစ်ရာ ဝေဖန်ပြောကြားခြင်း မရှိချေ။ ကူဝိတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းတို့အား ပြီးခဲ့သည့် မေလကပင် စုံစမ်းနေခဲ့ခြင်းဖြစ်သည်။

**ဖော်ပြ**

ကူဝိတ်မီဒီယာများကမူ ၎င်းသူလျှိုအဖွဲ့သည် အီရန်စစ်ဘက်အတွက် သတင်းအချက်အလက်များ လျှို့ဝှက်စွာ ပေးပို့နေသူများဖြစ်ကြောင်း ဖော်ပြခဲ့ကြသည်။ **(အင်တာနက်)**

## လက်ဘနွန်နယ်စပ်၌ ထပ်မံပစ်ခတ်

ဘေရွတ် ဩဂုတ် ၅

အစ္စရေးနှင့် လက်ဘနွန်တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၅ရက်က နယ်စပ်ဒေသတွင် အပြန်အလှန် ထပ်မံပစ်ခတ်မှု ဖြစ်ပွားကြောင်း လက်ဘနွန် တာဝန်ရှိသူများက ပြောကြားသည်။

**ဖြစ်ပွား**

နှစ်နိုင်ငံတပ်ဖွဲ့ဝင်များ မိနစ် ၃၀ကြာ အပြန်အလှန် ပစ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း၊ အစ္စရေးတပ်ဖွဲ့ဝင်နှစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

## နယ်သာလန် အမျိုးသမီးငယ် ရွက်လှေဖြင့် ကမ္ဘာပတ်ရန် စတင်ထွက်ခွာ

*လစ္စဘွန်း ဩဂုတ် ၅*

*ကမ္ဘာကို ဆိုလိုရွက်လှေဖြင့် ပတ်နိုင်သည့် အသက်အငယ်ဆုံး လူသားတစ်ဦးဖြစ်လာစေရန် မျှော်လင့်ချက်နှင့် နယ်သာလန် အမျိုးသမီးငယ်တစ်ဦးသည် ရွက်လှေခရီး စဉ်စတင်မည့် ပေါ်တူဂီနိုင်ငံသို့ ဩဂုတ် ၄ရက်က ထွက်ခွာသွားသည်။ (ယာပုံ)*

*လော်ရာဒက်ကာအမည်ရှိ အဆိုပါ အမျိုးသမီးငယ်မှာ အသက် ၁၄နှစ်မျှသာ ရှိသေးသည်။ ၎င်းသည် လွန်ခဲ့သောသီတင်းပတ်က နယ်သာလန် တရားရုံးတစ်ရုံးက ထိုသို့ ကမ္ဘာပတ်ခွင့်ကို သဘောတူညီမှု ရရှိထားသည်။*

*ပြောကြား*

*သူမသည် ကမ္ဘာကိုပတ်မိရန် အရှည် ၂၆ပေရှိ ရွက်လှေအတွင်း နှစ်နှစ်ခန့်ကြာ လှည့်လည်သွားလာမည်ဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၁၇ရက်တွင် ရွက်လှေဖြင့် ကမ္ဘာကိုပတ်မိစေရန် စီစဉ်ထားကြောင်း သူမ၏ ဖခင်ဖြစ်သူ ဒစ်ဒက်ကာက သတင်းထောက်များအား နယ်သာလန်နိုင်ငံ ဒန်အောဆီပင်လယ်ဆိပ်ကမ်းမှ မထွက်ခွာမီ ဩဂုတ် ၄ရက်က ပြောကြားသည်။*

*လော်ရာဒက်ကာသည် ရွက်လှေဖြင့် ကမ္ဘာပတ်ပြီးချိန်တွင် ဩစတြေးလျနိုင်ငံမှ အသက် ၁၆နှစ်ရှိ ဂျက်ဆီကာဝက်ဆင် မေလက ရွက်လှေဖြင့် ကမ္ဘာပတ်ခြင်းစံချိန်ကိုချိုးကာ အသက်အငယ်ဆုံး ကမ္ဘာပတ်သူဖြစ်လာမည်ဟု ဆိုသည်။ (အင်တာနက်)*





# နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

## တူရကီသင်္ဘောသားများ ဓားပြလက်မှပြန်လွတ်လာ

*အိန္ဒိယနိုင်ငံ ကမ်းလွန်တွင် ပြီးခဲ့သည့်မတ်လက ဆိုမာလီပင်လယ်ဓားပြများ အပိုင်စီးသွားခဲ့သည့် သင်္ဘောမှ တူရကီသင်္ဘောသား ၂၁ဦးသည် ၁၂၈ ရက်ကြာ ဓားစာခံအဖြစ် ဖမ်းဆီးခံထားရာမှ ဩဂုတ် ၅ရက်က ပြန်လည်လွတ်မြောက်လာခဲ့ကြောင်း တူရကီအရာရှိများက ပြောကြားသည်။*

## ဖိလစ်ပိုင်မြောက်ပိုင်း၌ လေယာဉ်ငယ်တစ်စင်းပျက်ကျ

*ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း ဘာကွီရိုစီးတီးမြို့ရှိ လိုရာကန်လေဆိပ်၌ ဩဂုတ် ၅ရက် နံနက်က လေ့ကျင့်ရေးလေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ကြောင်း လေယာဉ်ပေါ်ပါရှိသူနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း လေဆိပ်အရာရှိများက ပြောကြားသည်။* **(အောက်ပုံ)**



## အလာစကာကမ်းလွန်၌ ငလျင်လှုပ်

*အမေရိကန်နိုင်ငံ အလာစကာပြည်နယ်ကမ်းလွန်တွင် ဩဂုတ် ၅ရက် နံနက်က ရစ်ချ်တာစကေး ၆ဒသမ၁ရှိ ငလျင်လှုပ်ခဲ့ကြောင်း၊ ၎င်းငလျင်လှုပ်မှုကြောင့် အယ်လူတန်ကျွန်းတွင် အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါခဲ့သော်လည်း ထိခိုက်ပျက်စီးမှုမရှိကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။*

## ဆွစ်ဇာလန်သမ္မတ တရုတ်သို့ရောက်ရှိ

*ဆွစ်ဇာလန်သမ္မတ ဒိုရစ်လူဟက်သည် ခြောက်ရက်ကြာ အလည်အပတ်ခရီးအဖြစ် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ဩဂုတ် ၅ရက်က ရောက်ရှိလာကြောင်း၊ တရုတ်သမ္မတဟူကျင်ထောင်း၏ ဖိတ်ကြားမှုဖြင့် ရောက်ရှိလာခြင်းဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။*

## ပါပူဝါနယူးဂီနီကမ်းလွန်၌ ငလျင်လှုပ်

*ပါပူဝါနယူးဂီနီနိုင်ငံကမ်းလွန်တွင် ဩဂုတ် ၅ရက် နံနက်က ရစ်ချ်တာစကေး ၆ဒသမ ၈ရှိ ငလျင်လှုပ်သွားခဲ့ကြောင်း၊ ဆူနာမီသတိပေးချက်ထုတ်ပြန်ခြင်းမရှိကြောင်း ပါပူဝါနယူးဂီနီအရာရှိများက ပြောကြားသည်။*

## ဖိလစ်ပိုင်မြောက်ပိုင်း၌ ကူးတို့ယာဉ်နစ်မြုပ်

*ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း လာဂူနာဒေးပင်လယ်အော်အတွင်းရှိ ကျွန်းတစ်ကျွန်းအနီး၌ ဩဂုတ် ၅ရက်က ခရီးသည် ၆၀ တင်ဆောင်လာသော ကူးတို့ယာဉ်တစ်စင်း နစ်မြုပ်ခဲ့ရာ သုံးဦးသေဆုံးပြီး ကျန်ခရီးသည်များကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ဖိလစ်ပိုင်အရာရှိများက သတင်းထုတ်ပြန်သည်။*

## ချီကာဂိုလေဆိပ်၌ လေယာဉ်မီးလောင်

*အမေရိကန်နိုင်ငံ ချီကာဂိုလေဆိပ်၌ ဩဂုတ် ၅ရက် နံနက်ပိုင်းက ခရီးသည် ၁၇၈ဦးနှင့်လေယာဉ်အမှုထမ်း ၁၂ဦးတင်ဆောင်လာသည့် ဂျက်လေယာဉ်တစ်စင်းသည် လေဆိပ်သို့အဆင်း၌ ဘရိတ်စနစ်ချွတ်ယွင်းပြီး မီးလောင်မှုဖြစ်ပွားခဲ့ရာ ခရီးသည်များကို ဘေးကင်းစွာ ကယ်ဆယ်နိုင်ခဲ့သော်လည်း သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း လေဆိပ်အရာရှိများက ပြောကြားသည်။*

## ဆူဒန်သမ္မတ လစ်ဗျားသို့အလည်အပတ်ရောက်ရှိ

*ဆူဒန်သမ္မတ အိုမာအယ်ဘာရှားသည် နှစ်ပတ်ကြာ အလည်အပတ်ခရီးစဉ်အဖြစ် လစ်ဗျားနိုင်ငံ ထရီပိုလီမြို့သို့ ဩဂုတ် ၅ရက်က ရောက်ရှိလာကြောင်း လစ်ဗျားအရာရှိများက ပြောကြားသည်။*

## အီတလီက မီးသတ်ရဟတ်ယာဉ် ရုရှားသို့စေလွှတ်

*ရုရှားနိုင်ငံ၌ လောင်ကျွမ်းနေသော တောမီးငြိမ်းသတ်နိုင်မှုအတွက် အီတလီနိုင်ငံက မီးသတ်ရဟတ်ယာဉ်သုံးစင်းကို ဩဂုတ် ၅ရက်က စေလွှတ်လိုက်ကြောင်း၊ တောမီးများ ကူးစက်လောင်ကျွမ်းနေမှုကို ထိန်းချုပ်နိုင်ရန်ဖြစ်ကြောင်း အီတလီအရာရှိများက ပြောကြားသည်။* ။ *(အင်တာနက်)*

# တိုင်းမှူးဗိုလ်ချုပ်ကျော်ဖြိုး အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲတက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၅

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၉ရက်က ကျိုင်းတုံမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

တိုင်းမှူးသည် ဇူလိုင် ၃၀ရက်တွင် တိုင်းစစ်ဌာနချုပ်ခန်းမ၌ကျင်းပသော တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားသို့တက်ရောက်၍ ဗိုလ်လုပွဲပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးပြီး ပထမဆုရရှိသွားသောအသင်းအား တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းများကို ပေးအပ်ချီးမြှင့်သည်။ ထို့နောက် တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများအသီးသီးချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စာကြည့်တိုက် အဆောက်အအုံသစ် တောင်သုံးလုံးကျေးရွာ၌ဖွင့်

ထားဝယ် ဩဂုတ် ၅

ထားဝယ်ခရိုင် မေတ္တာမြို့ တောင်သုံးလုံးကျေးရွာရှိ စာကြည့်တိုက် ဖွင့်ပွဲကို ဇူလိုင် ၂၅ရက်ကကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးအေးထွန်းနှင့် အလှူရှင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

အဆိုပါစာကြည့်တိုက်ကို သိပ္ပံကျော် ဦးကျော်မြင့်-ဒေါ်ကြူကြူဝင်းတို့၏ မတည်ငွေကျပ် ၂၅သိန်းနှင့်အလှူရှင်များ၏ စုပေါင်းအလှူငွေတို့ဖြင့် တည်ဆောက်ခြင်းဖြစ်သည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် အတ္တဝါလွှမ်းကုမ္ပဏီမှ ဦးခင်စိုးက ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားဖမ်းစက်တစ်လုံး၊ ဦးရန်ရှင်းဇော်ဘခြိန်နှင့် ဦးသိန်းဟန်နှင့် ဇနီးဒေါ်သိန်းခင်တို့က ငွေကျပ်တစ်သိန်းစီ၊ ပါရမီစာပေ၊ အင်္ဂလိပ်စာ ဦးသိန်းလွင်၊ ဦးစစ်ကြည်-ဒေါ်မော်မော်လွင်၊ ဦးရဲမြင့်-ဒေါ်သန်းမြင့်၊ Smart Resources မှ ဦးနေလင်းဖြိုး၊ ဦးအောင်ညွန့်-ဒေါ်ခင်ခင်ကြီး၊ မေတ္တာမြို့ အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က စုစုပေါင်းစာအုပ် ၁၀၀၀ ကျော်ပေးအပ်လှူဒါန်းသည်။

**(မြို့နယ် ပြန်/ဆက်)**





# ဒုတိယဝန်ကြီး ဒေါက်တာမြဦး ဗဟိုအမျိုးသမီးဆေးရုံကြီး (မန္တလေး)၌ ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၅

**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဇူလိုင် ၃၁ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများလိုက်ပါလျက် ဗဟိုအမျိုးသမီးဆေးရုံကြီး (မန္တလေး) သို့ ရောက်ရှိပြီး ဆေးရုံအစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ/ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့်ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ မှာကြားသည်။** (အပေါ်ပုံ)

ထို့နောက် ဒုတိယဝန်ကြီးသည် ဆေးရုံ၏လူနာဆောင်များနှင့် တိုးချဲ့ ဆောက်လုပ်လျက်ရှိသည့် သားဖွားခန်းတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။ ဒုတိယဝန်ကြီးသည် ဩဂုတ် ၁ရက် နံနက်ပိုင်းတွင် ပုသိမ်ကြီးမြို့နယ် ဆင်ရှာကြီး ဘက်စုံသင်တန်းကျောင်းနှင့် ကျေးလက်ကျန်းမာရေးဌာနတို့သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံ၍ မှာကြားသည်။ ထို့နောက် ကျေးလက်ကျန်းမာရေးဌာန၏ စမ်းသပ်ခန်း၊ သားဖွားခန်း၊ ဆေးသိုလှောင်ခန်းနှင့် သင်တန်းကျောင်း၏ စာသင်ခန်းမ၊ စားဖိုဆောင်နှင့် အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောက်မယ်မြို့၌ ကောက်စိုက်စွမ်းရည် သရုပ်ပြပွဲကျင်းပ

မောက်မယ် ဩဂုတ် ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ်၌ ဇူလိုင် ၂၄ရက် နံနက် ၈နာရီက မြို့ဦးကွင်း၌ ကောက်စိုက်စွမ်းရည်သရုပ်ပြပွဲ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးကျော်ဆွေနှင့်တာဝန်ရှိသူများတက်ရောက်အားပေးကြည့်ရှုခဲ့ကြသည်။ **(ယာပုံ)**

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နံနက် ၉နာရီတွင် ကွန်ကျိုင်း ရပ်ကွက် အခြေခံပညာမူလတန်း ကျောင်းဆောင်သစ် ဖွင့်ပွဲကျင်းပရာ ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌသည် နံနက် ၁၀နာရီတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်အောင်မြင်စေရေး ဆွေးနွေးသည်။ ခရိုင်ဥက္ကဋ္ဌသည် မွန်းလွဲ ၂နာရီတွင် အခြေခံပညာအထက်တန်း ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးမြောက်ရေး၊ ပြည်သူ့ဆေးရုံ၊ ရွာသစ်ရွာစာကြည့်တိုက်မြေနေရာနှင့်မြို့နယ်အတွင်းရှိ တံတားများသို့သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(၂၀၁)**



# နေပြည်တော် မြန်မာ့အသံ ရေဒီယိုအစီအစဉ်

**(စနေနေ့ - နံနက်+နေ့လယ်+ည)**

**၇-၈-၂၀၁၀**

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
၇:၀၅ နိုင်ငံတော်သီချင်း+ ကြေညာချက် တရားတော် **(မောရသုတ်+ ဝဋ္ဋသုတ်)**
၇:၃၀ ဓမ္မပူဇာတေးပဒေသာ
၇:၃၅ (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း နံနက်ခင်းတေးပဒေသာ
၈:၃၀ လောကနီတိအသိရှိစေဖို့ (နှလုံးလှ အဆုံးအမတော်များ)
၈:၄၀ ဘဝအသွင်ကဗျာ့အမြင် (အဖြူထဲကအလင်း) တေးပဒေသာ
၁၀:၀၀ မွေးနေ့လက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ ရင်ခုန်စီးဆင်း အနုပညာသတင်း
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ ကလေးအစီအစဉ် (ကလေးများအတွက် တေးသီချင်း- မြန်မာ့ဟေ့ မြန်မာ)
၁၁:၂၀ အာဆီယံအစီအစဉ် နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၅ ဇာတ်လမ်းပမာနားဆင်စရာ **(ရင်ခုန်ရသော ထိုတစ်နေ့)** တေးပဒေသာ
၁၂:၀၀ စံတော်ချိန် ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့် (၆၁)
၁၂:၂၀ ယဉ်ကျေးမှုအနုပညာ (ပဉ္စရူပ)
၁၂:၃၀ ဟန်မျိုးစုံညီတေးကိုသီ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ ပညာရေးအစီအစဉ် (ပညာရေးအထူးအစီအစဉ်) တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၃၀ သောတရှင်လိုရာတေး
၁၇:၀၀ လေလှိုင်းကြားက ပွဲတင်သံ
၁၇:၁၅ တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ခေတ်မရွေးသောတေးများ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ တေးချစ်သူရွေးသီ တေးပန်းချီ
၁၈:၄၅ ချိုချစ်ဖွယ်အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉:၀၀ နိုင်ငံတကာသတင်း နိုင်ငံရေးဦးတည်ချက်
၁၉:၁၀ တေးပဒေသာ
၁၉:၁၅ သူ့အကြိုက်သူ့အသွင် (ရိန့်မိုး)
၁၉:၃၀ ကျန်းမာရေးရာ သိကောင်းစရာ (မျက်စိကူးစက်နာရောဂါ) တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၂၀ သံစဉ်တေးသွားမေတ္တာစကား စီးပွားရေးဦးတည်ချက်
၂၀:၃၀ သိမှတ်ဖွယ်ရာနိုင်ငံရေးရာ
၂၀:၄၅ ညချမ်းချိန်ခါတေးပဒေသာ
၂၁:၀၀ Radio Internet (23)
၂၁:၁၀ ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။



## မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်
## တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်

နေပြည်တော် ဩဂုတ် ၅

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၉ရက် နံနက်ပိုင်းက မြိတ်မြို့ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ကြည့်ရှုအားပေး

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ခြင်းလုံးစွမ်းရည် သရုပ်ပြသမှုများနှင့် ပြိုင်ပွဲပထမနေ့ပွဲစဉ်များ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မွေးမြူရေးခြံများနှင့် အစာစပ်စက်ရုံ
## ဝန်ကြီး ဦးမောင်မောင်သိမ်း ကြည့်ရှုစစ်ဆေး

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း ဒိုက်ဦးမြို့နယ်ရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဝက်မွေးမြူရေးခြံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၅

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၃ရက် နံနက် ၇နာရီခွဲက ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ကြက်မျိုးများ စမ်းသပ်မွေးမြူရေးစခန်းသို့ ရောက်ရှိပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးသက်ရွှေနှင့် တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ကြည့်ရှု

ထို့နောက် ပဲခူးတိုင်း ဘုရားကြီးကျေးရွာရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဘုရားကြီး ဘဲမွေးမြူရေးစခန်းသို့ ရောက်ရှိပြီး တည်ဆောက်ဆဲ ဘဲဥဖောက်စက်နှင့် ဘဲမွေးမြူရေးခြံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### စစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ဒိုက်ဦးမြို့နယ်ရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဒိုက်ဦးဝက်မွေးမြူရေးခြံနှင့် အစာစပ်စက်ရုံသို့ ရောက်ရှိပြီး လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ကယားပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့်အဖွဲ့ လောပိတကျေးရွာ၌ ရွေးကောက်ပွဲဆိုင်ရာများဆောင်ရွက်

ရန်ကုန် ဩဂုတ် ၅

ကယားပြည်နယ် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီနှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၃ရက်က လွိုင်ကော်မြို့နယ် လောပိတကျေးရွာနှင့် မထောခူကျေးရွာများသို့ သွားရောက်ကြပြီး ရွေးကောက်ပွဲဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးဖွင့်လှစ်ထားမှု၊ မဲစာရင်း၊ မဲဆန္ဒနယ်နှင့် လူဦးရေစာရင်း သတ်မှတ်ပြုစုထားမှုတို့ကို စစ်ဆေးကြပြီး မဲရုံဆောက်လုပ်မည့်နေရာများကို ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





## တောင်ဥက္ကလာပမြို့နယ် ဆန်စပါးလုပ်ငန်းအသင်း ဖွဲ့စည်း

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဆန်စပါးလုပ်ငန်းအသင်း ဖွဲ့စည်းခြင်းအခမ်းအနားကို ဇူလိုင် ၃၀ရက် မွန်းတည့် ၁၂နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းဗဟိုမှ ဒုတိယဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က ဖွဲ့စည်းရေးရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

### ဖွဲ့စည်း

ထို့နောက် တောင်ဥက္ကလာပမြို့နယ် ဆန်စပါးလုပ်ငန်းအသင်းကို ဦးအောင်မျိုး(ဥက္ကဋ္ဌ)၊ ဦးခင်မောင်သိန်း (ဒုတိယဥက္ကဋ္ဌ)၊ ဦးဟန်သိန်း(ဒုတိယဥက္ကဋ္ဌ)၊ ဦးဉာဏ်ဌွေးဦး(အတွင်းရေးမှူး)၊ ဦးသန်းထွဋ်(တွဲဖက်အတွင်းရေးမှူး)၊ ဒေါ်ခင်သူဇာထွန်း(ဘဏ္ဍာရေးမှူး)၊ ဒေါ်ဝင်းပပ(စာရင်းစစ်)နှင့် အလုပ်အမှုဆောင်ရှစ်ဦး စုစုပေါင်း ၁၅ဦးတို့ဖြင့် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## အခြေခံပညာ အလယ်တန်းကျောင်းခွဲ မိတ္ထီလာမြို့နယ် ကျားထူးကျေးရွာ၌ဖွင့်

မိတ္ထီလာ ဩဂုတ် ၅

မိတ္ထီလာမြို့နယ် အင်းကျေးရွာအုပ်စု ကျားထူးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၅ရက် နံနက် ၁၀နာရီက အဆိုပါကျောင်းခွဲ၌ ကျင်းပရာ ခရိုင်ပညာရေးမှူး ဦးထွန်းရီ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်နှင့် မြို့မိမြို့ဖ ဦးစောငွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဦးထွန်းရီက အလယ်တန်းကျောင်းခွဲ ဖွင့်လှစ်ပေးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ တည်ပင်ကုန်းကျေးရွာ ပင်မအခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နွဲ့မူက ပညာရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဆရာ ဦးညွန့်တင်က ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(ဝ၇၈)**

ဒေါပုံမြို့နယ် ဗိုလ်ထွန်းဖုံ ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေး၊ ရွေးချယ်တင်မြှောက်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒေါပုံမြို့နယ် အလက(၃)ကျောင်းခန်းမ၌ကျင်းပရာ အခမ်းအနားတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးရသူ မအေးသီရိသန်းအား အသင်းဥက္ကဋ္ဌ ဦးကျော်ညွန့်က ဆုချီးမြှင့်စဉ်။ (၂၁၁)



## နတ်မောက်မြို့နယ် ဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ကျင်းပ

နတ်မောက် ဩဂုတ် ၅

နတ်မောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ၂၀၁၀ခုနှစ် မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁ရက် ညနေ၃နာရီခွဲက နတ်မောက်မြို့ ဗိုလ်တေဇ အားကစားပြိုင်ကွင်း၌ ကျင်းပသည်။

### နှုတ်ဆက်

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသန်းကိုက ပြိုင်ပွဲဝင်ဘောလုံး အသင်းများမှ အားကစားသမားများအား အမှာစကားပြောကြားပြီး ပထမနေ့ ကွင်းဖွင့်ပွဲတွင် ကစားကြမည့် ဘောလုံးအားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက ပထမနေ့ ဘောလုံးပွဲစဉ်ကို ဘောလုံးကန်၍ ဖွင့်လှစ်ပေးလိုက်သည်။ အဆိုပါ ဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၁သင်း ပါဝင်ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

## အားကစားဝန်ကြီးဌာနဝန်ကြီးဖလားနှင့် ရုပ်ပျိုဖလား ခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၅

မြန်မာနိုင်ငံ ခြင်းလုံးခတ်အဖွဲ့ချုပ်က ကြီးမှူး၍ သတ္တမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲနှင့် ရုပ်ပျိုဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲများကို စက်တင်ဘာ ၄ရက်မှ ၆ရက်အထိ စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်ရှိ အားကစားခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများ၏ ပြိုင်ပွဲအမျိုးအစားများမှာ အမျိုးသားတံခွန်စိုက် အမှတ်ခတ် ၁၀ပေါက်တန်း ပြိုင်ပွဲ၊ အမျိုးသားတံခွန်စိုက် အလှခတ် ၁၀ပေါက်တန်း ပြိုင်ပွဲ၊ အမျိုးသားဝိုင်းဖွဲ့ အမှတ်ခတ် လေးပေါက်တန်းပြိုင်ပွဲ၊ အမျိုးသားဝိုင်းအဖွဲ့ အလှခတ်ပြိုင်ပွဲနှင့် အမျိုးသမီးအလှခတ်ပြိုင်ပွဲ (အမျိုးသမီးသုံးဦးနှင့် ပံ့ပိုးကူညီသူ အမျိုးသားသုံးဦး)များအဖြစ် သတ်မှတ်ထားသည်။

### ချီးမြှင့်မည်

ပြိုင်ပွဲများ၏ အမျိုးသားတံခွန်စိုက် အမှတ်ခတ် ၁၀ပေါက်တန်းပြိုင်ပွဲတွင် ပထမဆုကြေးငွေ ကျပ်၁၅သိန်း၊ ဒုတိယဆုကြေးငွေ ကျပ်၁၀သိန်း၊ တတိယဆုကြေးငွေ ကျပ်ငါးသိန်း သတ်မှတ်ထားပြီး ကျန်ပြိုင်ပွဲအမျိုးအစားများ၌ ပထမဆုကြေးငွေ ကျပ်၁၀သိန်း၊ ဒုတိယဆုကြေးငွေ ကျပ်ငါးသိန်း၊ တတိယဆုကြေးငွေ ကျပ်သုံးသိန်းစီနှင့် ဆုတံဆိပ်များကို ချီးမြှင့်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာ့ရိုးရာခြင်းလုံးခတ်အသင်းများသည် ဩဂုတ် ၂၅ရက် နောက်ဆုံးထား၍ ပြိုင်ပွဲဝင်မည့်အသင်းများ၏ ဓာတ်ပုံနှင့်တကွ ပြိုင်ပွဲဝင်အမည်စာရင်းများကို မြန်မာနိုင်ငံ ခြင်းလုံးခတ်အဖွဲ့ချုပ် (ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း) သို့ ပေးပို့ရမည်ဖြစ်သည်။

### ဆက်သွယ်နိုင်

ပြိုင်ပွဲများနှင့်စပ်လျဉ်း၍ သိရှိလိုပါက မြန်မာနိုင်ငံခြင်းလုံးခတ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲအောင် ဖုန်း-၀၉-၈၆၁၅၉၀၈သို့ လည်းကောင်း၊ ရုံးအဖွဲ့မှူး ဦးယုကြိုင် ဖုန်း-၀၉-၅၀၅၇၁၀၇သို့လည်းကောင်း၊ မြန်မာနိုင်ငံ ခြင်းလုံးခတ်အဖွဲ့ချုပ်ရုံး ဖုန်း-၃၉၃၄၂၀သို့ လည်းကောင်း ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များဖွင့်ပွဲ

## တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်အဖွင့်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၅

**ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၄ရက် နံနက်ပိုင်းက လမ်းမတော်မြို့နယ် သူနာပြု တက္ကသိုလ်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်သည်။**

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။

### ပေးအပ်ချီးမြှင့်

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူတို့က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှု အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့် အာဟာရဗဟုသုတ ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းကျန်းမာရေးဦးစီးဌာနမှူးက ဩဂုတ်လအတွင်း ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်ကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုအထိမ်းအမှတ် ပြခန်းငယ်ကို ကြည့်ရှုကြသည်။

### တိုက်ကျွေး

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် အိုင်အိုဒင်းဆား အရည်အသွေး စစ်ဆေးနေမှုကို လည်းကောင်း၊ ကလေးများအား အင်အားပြည့် ဗီတာမင်အေတိုက်ကျွေးပြီး ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များအား သံဓာတ်ဆေးပြားနှင့် ဗီတာမင် ဘီဝမ်း ဆေးပြားများ ပေးဝေကြကာ လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





## အမှာစကားပြောကြား

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

# မွန်ပြည်နယ် တိုင်းရင်းဆေးဆရာအသင်း အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၅**

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာ အသင်း (မွန်ပြည်နယ်) အဆောက်အအုံ သစ်ဖွင့်ပွဲကို ဇူလိုင်၆ရက်က မော်လမြိုင်မြို့ မွန်ပြည်နယ် တိုင်းရင်းဆေးပညာ ဦးစီးဌာန ရုံးဝင်းအတွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေး ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးအောင်မြင့်၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း ဗဟိုအလုပ် အမှုဆောင်အဖွဲ့ဝင် မွန်ပြည်နယ်တာဝန်ခံ (ထုံးအိုင်) ဆရာကြီး ဦးကျော်ရှိန်နှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (မွန်ပြည်နယ်)ဥက္ကဋ္ဌ ဦးလှရှိန်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

### ဖွင့်လှစ်ပေး

ထို့နောက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကိုယ်စား မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဇော်လင်းထွန်းက မြန်မာနိုင်ငံ တိုင်းရင်းဆေး ဆရာအသင်း (မွန်ပြည်နယ်) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာ အသင်း (မွန်ပြည်နယ်) အဆောက်အအုံကို အသင်းဝင်များက ထည့်ဝင်ငွေကျပ် ၂၇သိန်းကျော်၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများက လှူဒါန်းငွေကျပ်ရှစ်သိန်းကျော်နှင့် မြို့မိမြို့ဖ စေတနာရှင် မိဘပြည်သူများက ထည့်ဝင်လှူဒါန်းငွေကျပ် ၅၄သိန်းကျော်တို့ဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်ပြီး ယင်းအဆောက်အအုံသည် ပေ၄၀× ၂၃ပေ×၁၂ပေကွန်ကရစ်တစ်ထပ်အဆောက် အအုံဖြစ်သည်။ **(သတင်းစဉ်)**

# ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေး အသိပညာပေး ဟောပြော

**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေး နှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ၊ ပညာပေးရေး၊ စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်း ကော်မတီနှင့် အမှတ်(၃) အခြေခံပညာ ဦးစီးဌာနတို့၏ ညှိနှိုင်းစီစဉ် ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအတွက် ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၄ရက် မွန်းလွဲ၁နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း ပုလဲရတနာခန်းမ၌ ကျင်းပရာ ဟောပြောပွဲတွင် ရုပ်ရှင်သရုပ်ဆောင် ကောင်းခန့်နှင့် နန်းဆုရတီစိုးတို့က မြို့တော် သန့်ရှင်း သာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး အတွက် ကျောင်းသား လူငယ်များ ငယ်စဉ် ကပင် သန့်ရှင်းရေး၊ စည်းကမ်းရှိရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူးမြင့်အောင် **(အောက်ပုံ)** က ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ထိန်းသိမ်းလိုက်နာရေး ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။ **(သတင်းစဉ်)**





# ကွန်ပျူတာဂျာနယ် ဩဂုတ်လထုတ် ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၅

**၁၉၉၄ခုနှစ်မှ စတင်ထုတ်ဝေခဲ့သော ကွန်ပျူတာဂျာနယ်အနေဖြင့် စာဖတ်ပရိသတ်အတွက် ခေတ်အလျောက် ပြောင်းလဲလာသော အခြေအနေများကို ပြောင်းလဲလာသည့် အခြေအနေများနှင့်ကိုက်ညီအောင် အခန်းကဏ္ဍများ တိုးချဲ့ခြင်း၊ ရှိပြီးသားအခန်းကဏ္ဍများကို မွမ်းမံ ပြင်ဆင်တင်ပြခြင်းများ ပြုလုပ်ထားရာ ယခင်လထုတ်ဂျာနယ်များထက် ပိုမိုထူးကဲသော အကြောင်းအရာများကို ဖတ်ရှုနိုင်မည့် ကွန်ပျူတာဂျာနယ် ဩဂုတ်လထုတ်ကို စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။**

### ဆွေးနွေးတင်ပြ

အထူးသဖြင့် ယနေ့ခေတ်သည် ကွန်ပျူတာကို အစိုးရဌာနများ၊ ကုမ္ပဏီများတွင်သာမက တစ်နိုင်တစ်ပိုင် လုပ်ငန်းငယ်များတွင်ပါ အသုံးချလျက်ရှိနေပြီဖြစ်ရာ အဆိုပါ အဖွဲ့အစည်းအားလုံးအတွက် အိုင်တီဆိုင်ရာ ဝန်ထမ်းရွေးချယ်ခန့်အပ်ရေး၊ အလုပ်တာဝန်များ ရွေးချယ်စေခိုင်းရေးနှင့် အိုင်တီစီမံခန့်ခွဲမှုဆိုင်ရာ ဆောင်းပါးများကို တင်ပြပေးထားသည်။ ထိုနည်းတူ အိုင်တီဘွဲ့ရများအနေဖြင့် ပြည်တွင်း၌သာ အလုပ်အကိုင် အခွင့်အလမ်း ရနိုင်သည်မဟုတ်ဘဲ နိုင်ငံတကာအထိ ကူးလူးသွားလာ အလုပ်လုပ်နိုင်သည့် အခွင့်အရေးရှိပုံ၊ အိုင်တီလုပ်ငန်းသည် အလုပ်ရဖို့လွယ်သကဲ့သို့ အလုပ်ပြုတ်ဖို့လည်း မခက်ပုံတို့ကို အိုင်တီပညာရှင် ဦးသောင်းတင်က ဆွေးနွေးတင်ပြပေးထားသည်။

### တင်ပြထား

မြန်မာနိုင်ငံ၏ ကွန်ပျူတာအသုံးပြုမှုနှုန်းမှာ တိုးတက်မြင့်မားလာသည့်အလျောက် အိုင်တီပစ္စည်းများ ရွေးချယ်ဝယ်ယူရေးမှာလည်း အရေးကြီးလာရာ ဘယ်လိုအိုင်တီပစ္စည်း ရွေးချယ်ဝယ်ယူသင့်သလဲဆိုသည့် အချက်ကို ဦးရဲကျော်သိန်း၏ ကွန်ပျူတာရွေးချယ် ဝယ်ယူခြင်း ဆောင်းပါး၌ ဖော်ပြပေးထားပြီး ကွန်ပျူတာဂျာနယ် အယ်ဒီတာအဖွဲ့၏ ဘယ်လိုကွန်ပျူတာအရောင်းဆိုင်တွေမှာ ဝယ်ကြမလဲ အထူးဆောင်းပါးဖြင့် ကွန်ပျူတာ အရောင်းဆိုင်များ၏သဘာဝ၊ ကွန်ပျူတာအရောင်းဆိုင်များ လုပ်တတ်သည့် အနေအထားများနှင့် ကွန်ပျူတာတစ်လုံးဝယ်ရာတွင် စိတ်ချရသည့်အရောင်းဆိုင်တွင်ဝယ်ယူနိုင်ရေး အကြံပြုချက်များကိုဖော်ပြပေးထားသည်။ ကွန်ပျူတာအပါအဝင် လူသုံးကုန်ပစ္စည်းများကို အွန်လိုင်းမှ ဝယ်ယူခြင်းနှင့် ပတ်သက်ပြီး မိတ်ဆက်တင်ပြထားသကဲ့သို့ ဝယ်ယူမှုအတွက် နိုင်ငံတကာတွင်ရှိနေသော စားသုံးသူ၏ရပိုင်ခွင့်အခြေအနေများကိုလည်း တင်ပြပေးထားသည်။

လစဉ်ဖော်ပြပေးနေသည့် အိုင်တီအတ္ထုပ္ပတ္တိဆောင်းပါး၌ မြန်မာနိုင်ငံ၏ ကွန်ပျူတာ နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးတွင် ဦးဆောင်ဦးရွက်ပြုခဲ့သူ၊ ကွန်ပျူတာအတတ်ပညာရှင် အများအပြားကို မွေးထုတ်ပေးခဲ့သူ ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်(အငြိမ်းစား) ဒေါက်တာကျော်သိန်း၏ ဘဝတစ်စိတ်တစ်ဒေသကိုလည်း ပုံဖော်တင်ပြပေးထားရာ စာအုပ်ဆိုင်များ၊ စူပါမားကက်များတွင် ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပေးအပ်လှူဒါန်း

**မသန်စွမ်းသူများအတွက် ဖွဲ့စည်းတည်ထောင်ထားသော ရွှေမင်းသား ဖောင်ဒေးရှင်း(မြန်မာ)သို့ ရန်ကုန်မြို့ အမှတ် ၁၁/အေ တပင်ရွှေထီးလမ်း ကျောက်ကုန်းမြို့နယ်နေ ဦးခင်မောင်ညွန့်-ဒေါ်ရွှယ်ဂျီးနှင့်သမီး မလင်းပွင့်အောင်တို့က အလှူငွေကျပ်သုံးသိန်းကို ဩဂုတ် ၂ရက်က လမ်းမတော်မြို့နယ် မြန်မာ့အလှတာဝါ(၂)ရှိ ဖောင်ဒေးရှင်းရုံးခန်းသို့ လာရောက်ပေးအပ်လှူဒါန်းရာ ရွှေမင်းသားဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမြတ်သူဝင်းက လက်ခံယူစဉ်။**

(ဖောင်ဒေးရှင်း)



# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၆-၈-၂၀၁၀ (သောကြာနေ့ )**

**နံနက်ပိုင်း**

- ၅:၀၀ MRTV-4အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ အာဋ္ဌာနာဋိယ သုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ ဆရာတော်အရှင်လာဘ ဟောကြားတော်မူသော တရားတော်
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၆၉)
- ၈:၃၅ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲ (အပိုင်း-၅) (R ဇာနည်၊ ထွန်းအိန္ဒြာဗို)
- ၉:၂၀ IBTC(Group)မှ ကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းပွဲ (ပုသိမ်မြို့)
- ၉:၃၅ Movie Talk (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီ စံရှားတင်)(အပိုင်း-၃)
- ၁၀:၂၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ (ကျောက်ငါးသုတေသန သားဖောက်လုပ်ငန်း)
- ၁၀:၅၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ဟတ်ထိတယ်**
- ၁၁:၂၀ သန့်ရှင်းကျန်းမာသော… အာဟာရပြည့်မှုများနှင့်အတူ
- ၁၁:၃၅ ပန်းချီပြခန်း (Phoenix ပန်းချီပြပွဲ)
- ၁၁:၄၅ တီကောင်စွန့်ပစ်ဩဂဲနစ်
- ၁၂:၀၅ VJ Choice
- ၁၂:၃၅ အလှဖွဲ့ဆင်ဖန်တီးရှင်အတွက် အမှတ်တရ
- ၁:၀၀ ဆရာတော်အရှင်လာဘ ဟောကြားတော်မူသော တရားတော်
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ သူတို့ပြောတဲ့ သူတို့အကြောင်း သရုပ်ဆောင်တိမ်ညွန့်နှင့် တွေ့ဆုံခြင်း (အပိုင်း-၁)
- ၃:၁၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ (ကျောက်ငါးသုတေသန သားဖောက်လုပ်ငန်း)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၆၉)
- ၄:၁၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၄:၄၅ ပန်းချီပြခန်း (Phoenix ပန်းချီပြပွဲ)
- ၄:၅၅ IBTC(Group) မှ ကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းပွဲ (ပုသိမ်မြို့)
- ၅:၁၀ World of Knowledge (Inside: Mumbai Terror Attack)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ FMF Selection
- ၆:၄၅ လှပသစ်ဆန်း အလှပြင်ခန်း (VIOLET' STYLE Beauty Spa)
- ၇:၁၀ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲ (အပိုင်း-၆) (ထွန်းအိန္ဒြာဗို၊ အဲလက်စ်၊ ဇော်ဝင်းထွဋ်)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ VJ Choice
- ၉:၀၅ သူတို့ပြောတဲ့ သူတို့အကြောင်း သရုပ်ဆောင်တိမ်ညွန့်နှင့် တွေ့ဆုံခြင်း (အပိုင်း-၁)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၆၉)
- ၁၀:၀၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ဟတ်ထိတယ်**
- ၁၀:၂၅ ဖက်ရှင်လမ်းညွှန် (တော်ဝင်သူ)
- ၁၀:၅၀ Sports World
- ၁၁:၁၀ လှပသစ်ဆန်း အလှပြင်ခန်း (VIOLET' STYLE Beauty Spa)
- ၁၁:၃၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၂:၀၅ အေးမိသားစုလီမိတက်၏ ဆောက်လုပ်ရေးနှင့် Pro-1 Taxi Meter
- ၁၂:၁၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**



**ကံမမြို့မဈေး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး စီမံဆောင်ရွက်ထားရှိမှုများကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း ဇူလိုင် ၂၁ရက်က စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းနိုင် ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)

# ပိုးသတ်ဆေးကြွင်း အဆိပ်သင့်ခြင်းအန္တရာယ်

ပါမောက္ခ ဦးကျော်မြင့်ဦး
(မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့)

ကောက်ပဲသီးနှံများအား ပိုးသတ်ဆေးများ ပက်ဖျန်းသည့်အခါ ပိုးသတ်ဆေးပမာဏ အနည်းငယ်သည် ကောက်ပဲသီးနှံများထဲ၌ ရိတ်သိမ်းပြီးသော်လည်း ဆက်လက်ကြွင်းကျန် တည်ရှိနေကြပါသည်။ ထိုသို့ ကောက်ပဲသီးနှံများထဲ၌ ကြွင်းကျန်လျက်ရှိနေသော ပိုးသတ်ဆေးပမာဏကို ပိုးသတ်ဆေးကြွင်း (Pesticide Residue) ဟုခေါ်ဆိုပါသည်။ ပိုးသတ်ဆေးကြွင်းများကို လတ်ဆတ်သော သစ်သီးနှင့် ဟင်းသီးဟင်းရွက်များ၊ စည်သွတ်ထားသော သစ်သီးနှင့် ဟင်းသီးဟင်းရွက်များ၊ ကောက်ပဲသီးနှံများမှ ထုတ်လုပ်သော အစားအစာ၊ ဖျော်ရည်နှင့် အရက်များ၊ ပိုးသတ်ဆေး ပက်ဖျန်းထားသော ကောက်ပဲသီးနှံများကို စားသုံးမိသော တိရစ္ဆာန်အသားနှင့် ပြုပြင်ထုတ်လုပ်ထားသော စည်သွတ်ထားသည့် တိရစ္ဆာန်အသားများတွင် တွေ့ရှိရပါသည်။ ပိုးသတ်ဆေးကြွင်းပါဝင်မှုမှာ ပမာဏအားဖြင့် အလွန်သေးငယ်ပါသဖြင့် တစ်သန်းပုံတစ်သန်းပုံ(ပီပီအမ်) ဖြင့် တိုင်းတာဖော်ပြပါသည်။

## (က) ငါးများ၌ တွေ့ရသော ပိုးသတ်ဆေးကြွင်းများ

ပိုးသတ်ဆေးပျော်ဝင်နေသော ရေထုထဲ၌ရှိသော ငါးများ၏ ခန္ဓာကိုယ်ထဲ၌ ပိုးသတ်ဆေးကြွင်းများကို တွေ့ရှိရကြောင်း၊ သုတေသန မှတ်တမ်းများအရ သိရှိရပါသည်။ ၂၀၀၉ခုနှစ်က အိန္ဒိယနိုင်ငံမှ ထုတ်ပြန်သော သုတေသနမှတ်တမ်းများအရ အိန္ဒိယနိုင်ငံ ကူလာရူး ရေကန်ထဲ၌ ငါးများ၏ အသားထဲတွင် မာလာသီယွန် ပိုးသတ်ဆေးကြွင်း ၀ ဒသမ ၂၅ပီပီအမ်၊ အင်ဒိုဆလ်ဖန် ပိုးသတ်ဆေးကြွင်း ၇ ဒသမ၆ ပီပီအမ်၊ ဒီအယ်ဒရင်း ပိုးသတ်ဆေးကြွင်း ၀ ဒသမ ၂ ပီပီအမ်နှင့် ဒီဒီတီပိုးသတ်ဆေးကြွင်း ၁၅ ဒသမ ၇ ပီပီအမ် ပါရှိကြောင်း သိရှိရပါသည်။

## (ခ) အမဲသားများ၌ တွေ့ရသော ပိုးသတ်ဆေးကြွင်းများ

ဂါနာနိုင်ငံမှ ၂၀၀၇ခုနှစ်ကထုတ်ပြန်သော သုတေသနမှတ်တမ်းအရ ဂါနာနိုင်ငံရှိ သားသတ်ရုံများမှ အမဲသားများထဲ၌ ပိုးသတ်ဆေးကြွင်းပါဝင်မှုမှာ လင်ဒိန်းပိုးသတ်ဆေးကြွင်း ၀ ဒသမ ၁၇ ပီပီအမ်၊ ဒီအယ်ဒရင်းပိုးသတ်ဆေးကြွင်း ၀ ဒသမ ၆ပီပီအမ်နှင့် ဒီဒီတီ ပိုးသတ်ဆေးကြွင်း ၄၀ ဒသမ ၃၈ ပီပီအမ်ဖြစ်ကြောင်း သိရှိရပါသည်။

## (ဂ) အသီးနှင့်ဟင်းသီးဟင်းရွက်များ၌ တွေ့ရသော ပိုးသတ်ဆေးကြွင်းများ

အမေရိကန်ပြည်ထောင်စု ပိုးသတ်ဆေးကြွင်း သုတေသနလုပ်ငန်းအဖွဲ့၏ ၂၀၀၈ခုနှစ်က ထုတ်ပြန်သော သုတေသနမှတ်တမ်းအရ အမေရိကန်ပြည်ထောင်စုတွင် ပိုးသတ်ဆေးအမျိုးမျိုးတို့၏ ဆေးကြွင်းများသည် အသီးနှင့် ဟင်းသီးဟင်းရွက်အလိုက်၊ မက်မွန်သီးတွင် ၁ ဒသမ ၁၃ ပီပီအမ်၊ ပန်းသီးတွင် ၀ ဒသမ ၈၉ ပီပီအမ်၊ ငရုတ်ကောင်းတွင် ၀ ဒသမ ၁၃ ပီပီအမ်၊ စတော်ဘယ်ရီသီးတွင် ၀ ဒသမ ၇၉ ပီပီအမ်၊ အာလူးတွင် ၁ ဒသမ ၆၅ ပီပီအမ်၊ မုန်လာဥဝါတွင် ၀ ဒသမ ၀၄၆ ပီပီအမ်၊ သခွားသီးတွင် ၀ ဒသမ ၅၇ ပီပီအမ်၊ လိမ္မော်သီးတွင် ၀ ဒသမ ၁ ပီပီအမ်၊ ခရမ်းချဉ်သီးတွင် ၀ ဒသမ ၀၂၉ ပီပီအမ်၊ သင်္ဘောသီးတွင် ၀ ဒသမ ၀၅၃ ပီပီအမ်၊ ငှက်ပျောသီးတွင် ၀ ဒသမ ၀၂၉ ပီပီအမ်နှင့် သရက်သီးတွင် ၀ ဒသမ ၀၅၇ ပီပီအမ် ပါရှိကြောင်း သိရှိရပါသည်။

## (ဃ) ပန်းဂေါ်ဖီ၌ တွေ့ရသော ပိုးသတ်ဆေးကြွင်းများ

ပါကစ္စတန်နိုင်ငံ ပီရှဝါစိုက်ပျိုးရေးတက္ကသိုလ်မှ ၂၀၀၃ခုနှစ်က ထုတ်ပြန်သော သုတေသနမှတ်တမ်းအရ ဆိုင်ပါမီတရင်ပိုးသတ်ဆေးကို ပန်းဂေါ်ဖီတွင် ပက်ဖျန်းပြီးပြီးချင်း ဆေးကြွင်း ၃ ဒသမ ၇၄ ပီပီအမ်၊ ပက်ဖျန်းပြီး တစ်ရက်အကြာတွင် ၁ ဒသမ ၀၄ ပီပီအမ်၊ သုံးရက်အကြာတွင် ၀ ဒသမ ၇၃ ပီပီအမ်၊ ငါးရက်အကြာတွင် ၀ ဒသမ ၃၅ ပီပီအမ်၊ ခုနစ်ရက်အကြာတွင် ၀ ဒသမ ၁၇ ပီပီအမ်၊ ၁၀ရက်အကြာတွင် ၀ ဒသမ ၁ ပီပီအမ်နှင့် ၁၅ရက်အကြာတွင် ၀ ဒသမ ၀၇ ပီပီအမ် တွေ့ရှိကြောင်း သိရှိရပါသည်။

## (င) ပိုးသတ်ဆေးကြွင်းများ လူတို့၏ခန္ဓာကိုယ်ထဲသို့ ရောက်ရှိပြီး ရောဂါများ ဖြစ်ပေါ်ခြင်း

**ပိုးသတ်ဆေးကြွင်းများ ပါရှိသော ငါး၊ ရေသတ္တဝါ၊ တိရစ္ဆာန်အသား၊ အသီးနှင့် ဟင်းသီးဟင်းရွက်များကို လူသားတို့က စားသုံးမိပါက လူတို့၏ ခန္ဓာကိုယ်ထဲသို့ ပိုးသတ်ဆေးကြွင်းများ ရောက်ရှိသွားမည်ဖြစ်ပါသည်။ ထို့အတူ ပိုးသတ်ဆေးပါဝင်သော လေကို ရှူရှိုက်မိခြင်းနှင့် ခန္ဓာကိုယ်ပေါ်သို့ ပိုးသတ်ဆေးရည်များ ကျရောက်၍ ခန္ဓာကိုယ်ထဲသို့ စိမ့်ဝင်ခြင်းတို့ကြောင့်လည်း လူတို့၏ ခန္ဓာကိုယ်ထဲသို့ ပိုးသတ်ဆေးကြွင်းများ ရောက်ရှိသွားကြပါသည်။ အမေရိကန်ပြည်ထောင်စုတွင် သက်ကြီး ၈၀ရာခိုင်နှုန်းနှင့် ကလေး ၉၀ရာခိုင်နှုန်းတို့၏ ခန္ဓာကိုယ်ထဲ၌ ပိုးသတ်ဆေးကြွင်းများရှိနေကြောင်း သုတေသန မှတ်တမ်းများအရ သိရှိရပါသည်။**

ဗြိတိသျှ ဆေးပညာဂျာနယ်၏ ၁၉၆၈ ခုနှစ် ထုတ်ပြန်သော သုတေသနမှတ်တမ်းအရ ဒီအယ်ဒရင်းနှင့် ဒီဒီတီပိုးသတ်ဆေးကြွင်းများကို လူတို့၏ အဆီလွှာထဲ၌ တွေ့ရှိရပြီး အမျိုးသားများတွင် အမျိုးသမီးများထက် ပိုးသတ်ဆေးကြွင်းများ ပိုမိုတွေ့ရှိရကြောင်း သိရှိရပါသည်။ အီရန်နိုင်ငံမှ ၂၀၀၄ ခုနှစ် ထုတ်ပြန်သော သုတေသနမှတ်တမ်းတွင် အသက် လေးနှစ်မှ ၉၁နှစ်အရွယ်အတွင်း သေဆုံးသူများ၏ ခန္ဓာကိုယ်ကို ခွဲစိတ်ပြီး သုတေသနပြုခဲ့ရာ ၄င်းတို့၏ ခန္ဓာကိုယ်အဆီလွှာထဲ၌ ဒီအယ်ဒရင်းနှင့် ဒီဒီတီပိုးသတ်ဆေးကြွင်းများကို တွေ့ရှိရကြောင်း ဖော်ပြထားပါသည်။ ၄င်းအပြင် အသက် ၇၀အရွယ်ရှိ လူတို့၏ခန္ဓာကိုယ်ထဲ၌ ပိုးသတ်ဆေးကြွင်းများကို ပိုမိုတွေ့ရှိရကြောင်း သိရှိရပါသည်။

**ပိုးသတ်ဆေးကြွင်းများသည် လူတို့၏ခန္ဓာကိုယ်ထဲသို့ ရောက်ရှိသွားပြီးနောက် ဆေးကြွင်းပမာဏ များပြားခြင်းမရှိပါက ချက်ချင်း ရောဂါလက္ခဏာမပြဘဲ အချိန်ကြာလာသည်နှင့်အမျှ ပိုးသတ်ဆေးကြွင်းပမာဏ များပြားလာက အဆုတ်ရောဂါ၊ အစာအိမ်ရောဂါ၊ မှတ်ဉာဏ်ဆုတ်ယုတ်သည့်ရောဂါ၊ အရေပြားရောဂါ၊ အာရုံခံစားမှု လျော့ကျသည့်ရောဂါ၊ အသည်းရောဂါ၊ ကင်ဆာရောဂါ၊ ကိုယ်ဝန်ပျက်ခြင်းနှင့် အင်္ဂါမစုံသော သားသမီးများ မွေးဖွားခြင်းတို့ကို ဖြစ်ပေါ်စေကာ နောက်ဆုံးတွင် အသက်ပင် ဆုံးရှုံးစေနိုင်ပါသည်။**

အိန္ဒိယနိုင်ငံမှ ၂၀၀၈ခုနှစ်ထုတ်ပြန်သော သုတေသနမှတ်တမ်းအရ အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်ရှိ တောင်သူလယ်သမားများ၏ သွေးနမူနာကို စစ်ဆေးရာ၌ ၆၅ရာခိုင်နှုန်း သွေးနမူနာများတွင် သွေးဆဲလ်အတွင်း၌ ဒီအင်န်အေပြောင်းလဲမှု (Mutated DNA) ဖြစ်ပေါ်လျက်ရှိနေခြင်းကြောင့် ကင်ဆာရောဂါကို အလွယ်တကူ ဖြစ်စေနိုင်ကြောင်း သိရှိရပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ တောင်သူလယ်သမားများသည် ပိုးသတ်ဆေးပက်ဖျန်းရာတွင် မိမိတို့ခန္ဓာကိုယ်အား အကာအကွယ်များ မပြုလုပ်ခြင်းကြောင့် ပိုးသတ်ဆေးများ ၄င်းတို့ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်ခြင်းကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံမှ ၁၉၉၈ခုနှစ်ကထုတ်ပြန်သော သုတေသနမှတ်တမ်းအရ ထိုင်းနိုင်ငံမြောက်ပိုင်း ဇင်းမယ်မြို့နှင့် ၂၅မိုင်ကွာဝေးသော မေဆမိုင်ကျေးရွာတွင် နေထိုင်ကြသော ကလေးမွေးပြီးစ မိခင်များ၏ နို့ရည်နမူနာများကို သုတေသနပြုလုပ်ရာတွင် ၄င်းတို့၏နို့ရည်များထဲ၌ ဒီဒီတီပိုးသတ်ဆေးကြွင်းများကို တွေ့ရှိရပြီး အဆိုပါ ဆေးကြွင်းပမာဏမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသော လက်ခံနိုင်သည့် ပမာဏထက်များစွာ ပိုမိုနေကြောင်း သိရှိရပါသည်။

**ပိုးသတ်ဆေးကြွင်းများသည် လူတို့၏ခန္ဓာကိုယ်ထဲသို့ ရောက်ရှိသွားပြီးနောက် ဆေးကြွင်းပမာဏ များပြားခြင်းမရှိပါက ချက်ချင်းရောဂါလက္ခဏာမပြဘဲ အချိန်ကြာလာသည်နှင့်အမျှ ပိုးသတ်ဆေးကြွင်းပမာဏများပြားလာက အဆုတ်ရောဂါ၊ အစာအိမ်ရောဂါ၊ မှတ်ဉာဏ်ဆုတ်ယုတ်သည့်ရောဂါ၊ အရေပြားရောဂါ၊ အာရုံခံစားမှု လျော့ကျသည့်ရောဂါ၊ အသည်းရောဂါ၊ ကင်ဆာရောဂါ၊ ကိုယ်ဝန်ပျက်ခြင်းနှင့် အင်္ဂါမစုံသော သားသမီးများ မွေးဖွားခြင်းတို့ကိုဖြစ်ပေါ်စေကာ နောက်ဆုံးတွင် အသက်ပင် ဆုံးရှုံးစေနိုင်ပါသည်။**

## (စ) ပိုးသတ်ဆေးကြွင်းများ လူတို့၏ခန္ဓာကိုယ်ထဲသို့ဝင်ရောက်မှု နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်နိုင်သည့်နည်းလမ်းများ

**ပိုးသတ်ဆေးကြွင်းပမာဏ အနည်းငယ်သည် လူတို့၏ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်သွားသော်လည်း ချက်ချင်းရောဂါလက္ခဏာမပြဘဲ အချိန်အတော်ကြာလာပြီး ပိုးသတ်ဆေးကြွင်း ဝင်ရောက်မှုပမာဏ များလာသည့်အခါမှသာ ရောဂါများဖြစ်ပေါ်ပါသဖြင့် လူသားတို့အနေဖြင့် ပိုးသတ်ဆေးကြွင်းများကြောင့် အဆိပ်သင့်နိုင်မှု၊ အန္တရာယ်ကို အလေးထားမှု နည်းပါးလျက်ရှိနေကြပါသည်။ သို့ဖြစ်ပါ၍ ပိုးသတ်ဆေးကြွင်းများ လူတို့၏ ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်မှု နည်းနိုင်သမျှနည်းအောင် အောက်ပါအတိုင်း ဆောင်ရွက်သင့်ပါသည် -**

၁။ လတ်ဆတ်သောအသား၊ အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များကိုသာ တတ်နိုင်သမျှ စားသုံးကြရန်ဖြစ်ပြီး မစားသုံးမီ ရေဖြင့်အတတ်နိုင်ဆုံး စင်ကြယ်အောင် ဆေးကြောရပါမည်။

၂။ အလွှာများစွာပါသော ဂေါ်ဖီထုပ်တို့၏ အပြင်ဘက်ဆုံးအလွှာ၌ ပိုးသတ်ဆေးကြွင်းများ ပါရှိနိုင်ပါသဖြင့် ခွာပြီး စွန့်ပစ်သင့်ပါသည်။

၃။ ပန်းသီးနှင့် သစ်တော်သီးစသည့် အသီးများ၏ အပြင်ဘက်အခွံများ၌ ပိုးသတ်ဆေးကြွင်းများပါရှိနိုင်ပါသဖြင့် အခွံများကိုခွာပြီးမှ စားသုံးသင့်ပါသည်။ သုတေသနမှတ်တမ်းများအရ အသီးအခွံထဲ၌ ပိုးသတ်ဆေးကြွင်း ၅၀ရာခိုင်နှုန်းခန့်ပါရှိကြောင်း သိရှိရပါသည်။

၄။ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများကို ဆားရည်၌ သင့်တင့်သော အချိန်အတိုင်းအတာတစ်ခုထိ နှစ်စိမ်ထားခြင်းဖြင့် ပိုးသတ်ဆေးကြွင်းအချို့ကို ဖယ်ရှားပစ်နိုင်ပါသည်။ သုတေသနတွေ့ရှိချက်အရ ပိုးသတ်ဆေးပက်ဖျန်းပြီးခါစ ငရုတ်သီးစိမ်းကို ၂ရာခိုင်နှုန်း ဆားရည်၌ ၁၀မိနစ်ခန့်စိမ်ထားပါက ပိုးသတ်ဆေးကြွင်း ၃၃ရာခိုင်နှုန်းကို ဖယ်ရှားနိုင်ပြီး အကယ်၍ ပိုးသတ်ဆေးပက်ဖျန်းပြီး ငါးရက်ကြာသော ငရုတ်သီးစိမ်းကို ထိုကဲ့သို့ ဆောင်ရွက်ပါက ပိုးသတ်ဆေးကြွင်း ၈၄ရာခိုင်နှုန်းကို ဖယ်ရှားနိုင်ကြောင်း သိရှိရပါသည်။

၅။ ဓာတုပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများ အသုံးပြု၍ စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက် အသီးအနှံများကို စားသုံးခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ကြပြီး သဘာဝမှ ထုတ်လုပ်သော ပိုးသတ်ဆေးနှင့် မြေဩဇာများ အသုံးပြု၍ စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက် (Organic Food) များကို စားသုံးသင့်ပါသည်။

၆။ ပိုးသတ်ဆေးကြွင်းများသည် အဓိကအားဖြင့် တိရစ္ဆာန်များ၏ အဆီလွှာများထဲ၌ ရှိနေကြပါသဖြင့် တိရစ္ဆာန်အသားထဲမှ အဆီလွှာများကိုဖယ်ရှားပြီးမှ ကျက်အောင် ချက်ပြုတ်စားသုံးသင့်ပါသည်။

၇။ ပိုးသတ်ဆေး အဆိပ်သင့်၍ ချက်ချင်းသေဆုံးသော ငါးများ၏ ပါးစပ်နှင့်ပါးဟက်များမှာ ဟနေပြီး ဝမ်းဗိုက်မှာလည်း ဖောင်းကားနေတတ်ပါသဖြင့် အဆိုပါ ငါးမျိုးတို့ကို စားသုံးခြင်းမှ ရှောင်ကြဉ်သင့်ပါသည်။

၈။ ငါးများကို ဆီဖြင့်ကြော်စားခြင်းအားဖြင့် ငါးထဲရှိ ပိုးသတ်ဆေးကြွင်း ၇၅ရာခိုင်နှုန်းသည် အကြော်ဆီထဲသို့ ရောက်ရှိသွားသဖြင့် ပိုးသတ်ဆေးကြွင်းများ လူတို့၏ ခန္ဓာကိုယ်ထဲရောက်ရှိမှုကို အတိုင်းအတာတစ်ခုထိ ကာကွယ်နိုင်ကြောင်း သုတေသနမှတ်တမ်းများအရ သိရှိရပါသည်။

၉။ ပိုးသတ်ဆေး သုံးစွဲသူများအနေဖြင့် ပိုးသတ်ဆေးပက်ဖျန်းရာတွင် မျက်စိ၊ နှာခေါင်းနှင့် ခန္ဓာကိုယ်ထဲသို့ ပိုးသတ်ဆေးများ မဝင်ရောက်နိုင်ရန် အကာအကွယ်များ မဖြစ်မနေ အသုံးပြုရပါမည်။

၁၀။ ပိုးသတ်ဆေး ပက်ဖျန်းနေချိန်တွင် ကလေး၊ လူကြီးနှင့် ကိုယ်ဝန်ဆောင်မိခင်များသည် ပိုးသတ်ဆေး ပက်ဖျန်းနေသည့်နေရာနှင့် ဝေးသည့်နေရာတွင် ခေတ္တရှောင်ရှားနေသင့်ပါသည်။

၁၁။ ပိုးသတ်ဆေးသုံးစွဲသူများသည် ပိုးသတ်ဆေး ဖိတ်စဉ်ကျရောက်မှုကြောင့် မိမိခန္ဓာကိုယ်ထဲသို့ ပိုးသတ်ဆေးများ စိမ့်ဝင်ရောက်ရှိမှုမရှိစေရန် အထူးဂရုပြုကြရပါမည်။ အကယ်၍ မတော်တဆ ခန္ဓာကိုယ်ပေါ်သို့ ပိုးသတ်ဆေးများ ဖိတ်စဉ်ကျရောက်ပါက ချက်ချင်း ရေဖြင့် အထပ်ထပ်၊ အကြိမ်ကြိမ် စင်ကြယ်အောင် မဖြစ်မနေ ဆေးကြောရပါမည်။

အထက်ဖော်ပြပါ အကြောင်းအရာများကို သိရှိလိုက်နာ ဆောင်ရွက်ခြင်းအားဖြင့် လူသားတို့၏ ခန္ဓာကိုယ်ထဲသို့ ပိုးသတ်ဆေးကြွင်းဝင်ရောက်မှု နည်းနိုင်သမျှနည်းအောင် ကာကွယ်ဆောင်ရွက်နိုင်ကြမည်ဖြစ်ကာ ပိုးသတ်ဆေးကြွင်းများ ခန္ဓာကိုယ်ထဲဝင်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သော ရောဂါများမှ ကင်းဝေးနိုင်ကြမည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

က်တမ်းအရ အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်ရှိ
ရာခိုင်နှုန်း သွေးနမူနာများတွင် သွေးဆဲလ်
ပါလျက်ရှိနေခြင်းကြောင့် ကင်ဆာရောဂါ
ို့ဖြစ်ရခြင်းမှာ တောင်သူလယ်သမားများ
အကာအကွယ်များ မပြုလုပ်ခြင်းကြောင့်
ဘင့်ဖြစ်ကြောင်း သိရှိရပါသည်။
သနမှတ်တမ်းအရ ထိုင်းနိုင်ငံမြောက်ပိုင်း
နေထိုင်ကြသော ကလေးမွေးပြီးစ မိခင်
၏နို့ရည်များထဲ၌ ဒီဒီတီပိုးသတ်ဆေးကြွင်း
ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသော
ါသည်။

**ရောက်ရှိသွားပြီးနောက် ဆေးကြွင်းပမာဏ**
**ကြာလာသည်နှင့်အမျှ ပိုးသတ်ဆေးကြွင်း**
**က်ဉာဏ်ဆုတ်ယုတ်သည့်ရောဂါ၊ အရေပြား**
**၊ ကင်ဆာရောဂါ၊ ကိုယ်ဝန်ပျက်ခြင်းနှင့်**
**ာ နောက်ဆုံးတွင် အသက်ပင် ဆုံးရှုံးစေ**

**ဝင်ရောက်မှု နည်းနိုင်သမျှနည်းအောင်**

**န္ဓာကိုယ်ထဲသို့ ဝင်ရောက်သွားသော်လည်း**
**ပိုးသတ်ဆေးကြွင်း ဝင်ရောက်မှုပမာဏ**
**တို့အနေဖြင့် ပိုးသတ်ဆေးကြွင်းများကြောင့်**
**က်ရှိနေကြပါသည်။ သို့ဖြစ်ပါ၍ ပိုးသတ်**
**ုံးနိုင်သမျှနည်းအောင် အောက်ပါအတိုင်း**

ဟင်းရွက်များကိုသာ တတ်နိုင်သမျှ စားသုံး
စင်ကြယ်အောင် ဆေးကြောရပါမည်။
ဘက်ဆုံးအလွှာ၌ ပိုးသတ်ဆေးကြွင်းများ

အပြင်ဘက်အခွံများ၌ ပိုးသတ်ဆေးကြွင်း
ားသင့်ပါသည်။ သုတေသနမှတ်တမ်းများ
ိုင်နှုန်းခန့်ပါရှိကြောင်း သိရှိရပါသည်။
ည်၌ သင့်တင့်သော အချိန်အတိုင်းအတာ
ားအချို့ကို ဖယ်ရှားပစ်နိုင်ပါသည်။ သုတေ
ငရုတ်သီးစိမ်းကို ၂ရာခိုင်နှုန်း ဆားရည်၌
၃ရာခိုင်နှုန်းကို ဖယ်ရှားနိုင်ပြီး အကယ်၍
တ်သီးစိမ်းကို ထိုကဲ့သို့ ဆောင်ရွက်ပါက
ကြောင်း သိရှိရပါသည်။
ပြု၍ စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်
ျရောင်ကြဉ်ကြပြီး သဘာဝမှ ထုတ်လုပ်
၍ စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်
်။
တိရစ္ဆာန်များ၏ အဆီလွှာများထဲ၌ ရှိနေ
းကိုဖယ်ရှားပြီးမှ ကျက်အောင် ချက်ပြုတ်

သာ ငါးများ၏ ပါးစပ်နှင့်ပါးဟက်များမှာ
ါသဖြင့် အဆိုပါ ငါးမျိုးတို့ကို စားသုံးခြင်း

းထဲရှိ ပိုးသတ်ဆေးကြွင်း ၇၅ရာခိုင်နှုန်း
ပိုးသတ်ဆေးကြွင်းများ လူတို့၏ ခန္ဓာ
ာကွယ်နိုင်ကြောင်း သုတေသနမှတ်တမ်း

ထးပက်ဖျန်းရာတွင် မျက်စိ၊ နှာခေါင်းနှင့်
က်နိုင်ရန် အကာအကွယ်များ မဖြစ်မနေ

ပူကြီးနှင့် ကိုယ်ဝန်ဆောင်မိခင်များသည်
ူနေရာတွင် ခေတ္တရှောင်ရှားနေသင့်ပါသည်။
တ်စဉ်ကျရောက်မှုကြောင့် မိမိခန္ဓာကိုယ်
ရန် အထူးဂရုပြုကြရပါမည်။ အကယ်၍
ဖိတ်စဉ်ကျရောက်ပါက ချက်ချင်း ရေဖြင့်
စ်မနေ ဆေးကြောရပါမည်။
ာ ဆောင်ရွက်ခြင်းအားဖြင့် လူသားတို့၏
ျနည်းအောင် ကာကွယ်ဆောင်ရွက်နိုင်ကြ
ကြောင့် ဖြစ်ပေါ်လာနိုင်သော ရောဂါများမှ
။

# ဝန်ကြီး ဦးသိန်းဆွေ ရေယာဉ်များ ဝင်ထွက်သွားလာမှု စစ်ဆေး

## ခရီးသည်များ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးနှင့် ရေယာဉ်လုံခြုံရေး မှာကြား

နေပြည်တော် ဩဂုတ် ၅

**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် ဩဂုတ် ၁ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် မင်းပြားမြို့သို့ရောက်ရှိပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမဆောင်၌ စစ်တွေမြို့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဘုန်းကျော်စိန်၏ မင်းပြားမြို့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ကမ်းပြိုမှုဖြစ်ပွားရခြင်းအခြေအနေများ တင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားသည်။**

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် မင်းပြားမြို့ ကမ်းနားလမ်း၌ ကမ်းပြိုကာကွယ်မှုနှင့် ကမ်းထိန်းကျောက်စီနံရံများ ဆောင်ရွက်ပြီးစီးမှုများကို ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။

### အစဉ်သတိပြု

ထို့နောက် ရေယာဉ်ဖြင့် မင်းပြားမြို့မှ ဆက်လက်ထွက်ခွာပြီး စစ်တွေ-တောင်ကုတ် ရေယာဉ်များ ဆိပ်ကမ်း၌ ဝင်ရောက်ဆိုက်ကပ်နေမှု၊ မြေပုံမြို့အဝင် ရေလမ်းကြောင်းနှင့် ဆိပ်ကမ်းအခြေအနေ၊ မြေပုံမြို့ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေကြောင်းရုံးနှင့် စစ်တွေ၊ မင်းပြား၊ မြေပုံ၊ ပေါက်တော၊ တောင်ကုတ် ခရီးလမ်းအသီးသီးသို့ပြေးဆွဲနေသော ရေယာဉ်များနှင့် ခရီးသည်တင်စက်လှေများ ဝင်ထွက်သွားလာမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေယာဉ်များ ဝင်ချိန် ထွက်ချိန် မှန်ကန်ရေး၊ ဝန်ထမ်းများ ဆက်ဆံရေးကောင်းမွန်ရေး၊ ခရီးသည်များ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေးနှင့် ရေယာဉ်လုံခြုံမှု အစဉ်သတိပြုကြစေရေးတို့ကို မှာကြားခဲ့သည်။





### မှာကြား

ယင်းနောက် ဝန်ကြီးသည် ပေါက်တောမြို့သို့ရောက်ရှိပြီး ရေကြောင်းရုံးနှင့် ဆိပ်ခံတံတားကြံ့ခိုင်မှု၊ ပေါက်တောမြို့အဝင် ရေလမ်းကြောင်းအခြေအနေ၊ ပေါက်တော-စစ်တွေ ပြေးဆွဲလျက်ရှိသော ရေယာဉ်များတွင် ခရီးသည်များ လိုက်ပါစီးနင်းမှု၊ စစ်တွေမြို့အဝင် ရေလမ်းကြောင်းအခြေအနေ၊ ကျောက်တော်မှ စစ်တွေသို့အဝင် ခရီးသည်တင် ရေယာဉ်ရောက်ရှိလာမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကမ်းထိန်းကျောက်စီနံရံ စစ်ဆေး

**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ မင်းပြားမြို့ ကမ်းနားလမ်း၌ ကမ်းပြိုကာကွယ်မှုနှင့် ကမ်းထိန်းကျောက်စီနံရံများ ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်+နေ့လယ်+ည)

၆-၈-၂၀၁၀

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇:၀၅ တရားတော် **(မေတ္တသုတ်+ခန္ဓသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ ပြောပါရစေရှင် (ပွေ့ချီထားပါရစေ)
၈:၃၅ တေးပဒေသာ
၁၀:၀၀ သောတရှင်လိုရာတေး
၁၀:၃၀ သတင်းစာအာဘော်
၁၀:၄၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀ လေလှိုင်းကြားကပွဲတင်သံ
၁၁:၄၅ နေ့လယ်ခင်းတေးပဒေသာ
၁၂:၀၀ စံတော်ချိန် ဆိုကြပျော်ရွှင်တေးသံစဉ် (Intermediate Level)
၁၂:၁၀ အလုပ်အကိုင် အခွင့်အလမ်း (တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်း)
၁၂:၂၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇:၀၀ Music Talk တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ရင်ခုန်စီးဆင်း အနုပညာသတင်း
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ လူမှုစာနာ ပြန်ကြားလွှာ
၁၈:၄၅ တေးချစ်သူရွေးသီ တေးပန်းချီ နိုင်ငံရေးဦးတည်ချက် တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၁၀ ညချမ်းချိန်ခါ တေးပဒေသာ
၁၉:၂၅ ဇာတ်လမ်းပမာ နားဆင်စရာ **ရင်ခုန်ရသော ထိုတစ်နေ့**
၁၉:၄၅ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၁၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (အကယ်ဒမီမိုးဒီ) စီးပွားရေးဦးတည်ချက်
၂၀:၄၀ တေးပဒေသာ
၂၁:၀၀ ဆောင်းပါး (စွမ်းအားများ)
၂၁:၀၅ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၅-၈-၂၀၁၀

| | |
|---|---|
| ပေါင်မြို့ | ၄ ဒသမ ၁၃ လက်မ |
| မာန်အောင်မြို့ | ၃ ဒသမ ၃၁ လက်မ |
| ကျောက်ဖြူမြို့ | ၃ ဒသမ ၀၃ လက်မ |
| စစ်တွေမြို့ | ၂ ဒသမ ၇၆ လက်မ |
| လောင်းလုံမြို့ | ၂ ဒသမ ၅၆ လက်မ |
| ကျိုက်မရောမြို့ | ၂ ဒသမ ၂၈ လက်မ |



**ဩဂုတ် ၁ရက်က ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)၏ ပညာရည်ချွန် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အသင်းဂုဏ်ထူးဆောင်နာယက ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦး ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ နေပြည်တော်ပျဉ်းမနားမှ ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။** (ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး)

# ပညာတံခွန်စာကြည့်တိုက် အဆောက်အအုံသစ်

## ငဖဲမြို့နယ် ပန်းထိန်းကျေးရွာ၌ဖွင့်



ငဖဲ ဩဂုတ် ၅

**မင်းဘူးခရိုင် ငဖဲမြို့နယ်တွင် နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူများ ထည့်ဝင်ငွေတို့ဖြင့် ဆောက်လုပ်သော ပန်းထိန်းကျေးရွာ ပညာတံခွန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါ စာကြည့်တိုက် အဆောက်အအုံရှေ့၌ ဇူလိုင် ၂၅ရက် နံနက် ၈နာရီကကျင်းပရာ အခမ်းအနားတွင် ငဖဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်ဇော်ဦးက အဖွင့်အမှာစကားပြောကြားပြီး မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရှင်းလင်းဆွေးနွေးသည်။**

### ပေးအပ်လှူဒါန်း

ဆက်လက်၍ စာကြည့်တိုက် ဖောင်ဒေးရှင်းမှ လှူဒါန်းသော စာအုပ်စာစောင်များ၊ ကျေးရွာများအတွက် ဗဟုသုတအဖြာဖြာ စာအုပ်များကို မကွေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းက ပေးအပ်ရာ ကျေးရွာစာကြည့်တိုက် ကော်မတီဝင်တစ်ဦးက လက်ခံသည်။

ဆက်လက်၍ ငဖဲမြို့နယ် ဆင်ချည်တိုင်ကျေးရွာမှ ဦးနိုင်လင်းထွန်း-ဒေါ်အေးအေးမင်း မိသားစုက ငွေကျပ် သုံးသောင်းနှင့် အလှူရှင်များက လှူဒါန်းသော စာကြည့်တိုက်သုံး ပရိဘောဂများကို လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူသည်။

### ဖွင့်လှစ်ပေး

ထို့နောက် ပန်းထိန်းကျေးရွာ ပညာတံခွန် စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်ဇော်ဦး၊ မကွေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးကျောက်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

**(ခရိုင် ပြန်/ဆက်)**

# မုတ်သုံလေ ဆက်လက်အားကောင်းမည်

နေပြည်တော် ဩဂုတ် ၅

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ယနေ့မြန်မာစံတော်ချိန် ၁၂နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

**ဩဂုတ် ၆ရက် ညနေအထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မုတ်သုံလေ ဆက်လက်အားကောင်းမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

# ဒြိမ့်ဒြိမ့်သဲသဲဆင်နွှဲမည့် ရန်ကုန်ကုန်စည်ပြပွဲ -၂၀၁၀

➢ သတင်းမှတ်စု - မောင်ချစ်ကြည် ➢ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း) ➢ စာမျက်နှာ ဖွဲ့စည်းမှု - ယဉ်ယဉ်အေး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၅

**ယနေ့ခေတ်ကား လူမှုဘဝနေထိုင်မှုပုံစံများ ပြောင်းလာသည်။ နေထိုင်မှု၊ စားသောက်မှုများမှသည် ကုန်ပစ္စည်းဝယ်ယူမှုများကအစ ယခင်ကနှင့် မတူတော့ချေ။ ခေတ်နှင့်အညီ ပြောင်းလဲလာသော ကုန်စည်ပြပွဲများ၊ ကုန်ပဒေသာဆိုင်ကြီးများနှင့် စူပါမားကတ်များကား အစီအရီ ထွက်ပေါ်လာပြီဖြစ်သည်။**



## ကျင်းပမည်

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် စည်ပင်မှုကိုထင်ဟပ်ပေါ်လွင်ခြင်း တစ်ခုဖြစ်သလို ပြည်သူများအတွက် အကျိုးကျေးဇူးဖြစ်စေသည့် ကုန်စည်ပြပွဲများ ခင်းကျင်းပြသမှုကို ပြည်သူတို့အကြိုက်တွေ့လာကြသည်။ ထို့အတူ ကုန်ပစ္စည်း ခင်းကျင်းပြသသူများအတွက်လည်း ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့နိုင်သည့် အခွင့်အရေးရရှိသဖြင့် အဘက်ဘက်မှ အကျိုးဖြစ်ထွန်းစေသည်။ ထိုသို့ အကျိုးဖြစ်ထွန်းမှုများရှိသည့် ပြပွဲဖြစ်သော ရန်ကုန်ကုန်စည်ပြပွဲ -၂၀၁၀ဟု အမည်ပေးထားသည့် ကုန်စည်ပြပွဲတစ်ရပ်ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ ဒြိမ့်ဒြိမ့်သဲသဲ ကျင်းပတော့မည်ဖြစ်သည်။

## သိုက်သိုက်မြိုက်မြိုက်

တပ်မတော်ခန်းမ၌ ရန်ကုန် ကုန်စည်ပြပွဲ -၂၀၀၉ ပြပွဲကြီးကို ၂၀၀၉ ခုနှစ် ဩဂုတ်လအတွင်းက ပထမဆုံးအကြိမ် ခင်းကျင်းပြသခဲ့ပြီး ယခုအကြိမ်မှာ (၇)ကြိမ်မြောက် ကုန်စည်ပြပွဲ ကျင်းပခြင်းလည်းဖြစ်သည်။ Smart Group မှ တာဝန်ယူကျင်းပသည့် ယခုကုန်စည်ပြပွဲ၌ ပြည်တွင်းပြည်ပမှ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများမှ ပြခန်းများ၊ ရန်ကုန်၊ မန္တလေးနှင့် နိုင်ငံတစ်ဝန်း မြို့ကြီးများမှ စီးပွားရေးလုပ်ငန်းရှင်များက စုပေါင်းပြီး ပြခန်းပေါင်း ၁၇၀ကျော်ဖြင့် တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက်ရှိမည်မှာ အမှန်ပင်။

## ပြခန်းများ

ပြခန်းပေါင်း ၁၇၀ကျော်တွင် ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများပြခန်း၊ အလှကုန်ပစ္စည်းများပြခန်း၊ ဖက်ရှင်အသုံးအဆောင်ပစ္စည်းများပြခန်း၊ အဝတ်အထည်နှင့် စားသောက်ကုန်ပစ္စည်းများပြခန်း၊ ပြည်တွင်းပြည်ပ ဆေးဝါးပစ္စည်းများပြခန်း၊ ပြည်တွင်းပြည်ပ၊ တက္ကသိုလ်၊ ကောလိပ်၊ သင်တန်းကျောင်းများပြခန်း၊ ပရိဘောဂများ၊ ဂက်စ်မီးဖိုများ၊ အိမ်ဆောက်ပစ္စည်းများ၊ အိမ်အလှဆင်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အိမ်ရာအရောင်းပြခန်း၊ စက်မှုဇုန်ထုတ်ကုန်များစသည်တို့ကို ပြခန်းများဖြင့် ပြည်သူများ စိတ်ဝင်တစားလေ့လာစရာကောင်းအောင် ခင်းကျင်းပြသမည်ဖြစ်သည်။

ကုန်စည်ပြပွဲများကို ပြည်သူတို့ စိတ်ဝင်တစားရှိလာသည်က အမှန်ပင်။ ကုန်ပစ္စည်းများ အရည်အသွေး စံချိန်ပြည့်မီမှု၊ ဈေးနှုန်းသက်သာမှု၊ ကုန်ပစ္စည်းထုတ်လုပ်သူများနှင့် တိုက်ရိုက်ထိတွေ့မေးမြန်းနိုင်မှု၊ တစ်နေရာတည်း ကုန်ပစ္စည်းမျိုးစုံကို အချိန်တိုအတွင်း လေ့လာကာ စိတ်တိုင်းကျ ရွေးချယ်နိုင်မှုအပြင် အထူးဈေးနှုန်းများ၊ ကံစမ်းမဲများနှင့် မေတ္တာလက်ဆောင်များလည်း ရရှိနိုင်မည့်အခွင့်အလမ်းများ ရရှိကြမည်ဖြစ်သည်။

## အပန်းဖြေ

ရန်ကုန်ကုန်စည်ပြပွဲ -၂၀၁၀ ပြပွဲကာလအတွင်း နာမည်ကြီး သရုပ်ဆောင်များ၊ မော်ဒယ်လ်ပြကွက်များ၊ မော်ဒယ်လ်အကများနှင့် အခြားဖျော်ဖြေရေးအစီအစဉ်များကိုလည်း နေ့စဉ်တင်ဆက်ပေးသွားမည်ဖြစ်ရာ မိသားစုအလိုက် စိတ်ပျော်ရွှင်စရာအဖြစ် အခမဲ့အပန်းဖြေလေ့လာနိုင်သည့် ကုန်စည်ပြပွဲအသွင်လည်း ဆောင်နေမည်ဖြစ်သည်။ လူငယ်ကျောင်းသားများအတွက် ပြည်တွင်း၊ ပြည်ပသင်ကြားမှုအခွင့်အလမ်းများကိုလည်း လေ့လာမေးမြန်း သိရှိနိုင်သည့် ပြခန်းများလည်းပါဝင်မည်ဖြစ်ရာ စိတ်ဝင်စားစရာပင်ဖြစ်သည်။

**ရန်ကုန်ကုန်စည်ပြပွဲ -၂၀၁၀၌ ခင်းကျင်းပြသမည့် အီလက်ထရွန်နစ်ပစ္စည်းများကို ဤသို့ တွေ့ရသည်။**

ကုန်စည်ပြပွဲတွင် စီးပွားရေးလုပ်ငန်းများ ဆက်စပ်စုစည်းနိုင်မှုကို အထောက်အကူပြုပေးနိုင်သည်။ ပြည်သူများနှင့် ထိတွေ့မှုမှ စီးပွားရေးအခွင့်အလမ်းသစ်၊ အကြံဉာဏ်သစ်များ ပေါ်ထွက်နိုင်သည်။ လုပ်ငန်းရှင်များအချင်းချင်း ဆွေးနွေးညှိနှိုင်းမှုများလည်း ဖြစ်ထွန်းစေသည်။ ယင်းမှာ စုစည်းမှု၊ ပေါင်းစပ်မှုများမှ တစ်ဆင့် ပြည်သူတို့အတွက် အကျိုးကျေးဇူးဖြစ်ထွန်းမှု ဆောင်ကြဉ်းပေးထားသည့် ဖော်ညွှန်းပြသမှု တစ်ရပ်ပင်ဖြစ်သည်။ ထို့အတူ ဤကုန်စည်ပြပွဲတွင် ပြခန်းများ ခင်းကျင်း ပြသလိုပါက အတူတကွ လက်တွဲကာ ပျော်ရွှင်ဖွယ်ရာ ပါဝင် ခင်းကျင်းပြသနိုင်ကြောင်းလည်း ဖိတ်ခေါ်ထားသည်။

## သွားရောက်လေ့လာ

ထို့ကြောင့် မကြာမီကျင်းပတော့မည့် **ရန်ကုန်ကုန်စည်ပြပွဲ -၂၀၁၀** ကား စုစည်းမှု၊ ပေါင်းစပ်မှုများမှ တစ်ဆင့် ပြည်သူတို့အတွက် လေ့လာစရာ အခွင့်အလမ်းကောင်းများကို ဆောင်ကြဉ်းပေးမည်ဖြစ်ရာ ပြည်သူများ အပန်းလည်းဖြေ၊ ဗဟုသုတလည်းရနိုင်သည့်အတွက် စိတ်လက်ပေါ့ပါးစွာ သွားရောက်လေ့လာစရာကောင်းသည့် ကုန်စည်ပြပွဲတစ်ရပ် ဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**



ခေတ်မီ နေအိမ်အသုံးအဆောင်ပစ္စည်းများကို ပြည်သူများ ဤသို့ လေ့လာနိုင်ကြမည်ဖြစ်သည်။

# လယ်ယာ/ဆည်မြောင်းဝန်ကြီးဦးဌေးဦး သီးနှံမျိုးကောင်းမျိုးသန့် ထုတ်လုပ်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၅

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၃ရက် နံနက် ၁၀နာရီက ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာ(ပုလဲမြို့သစ်)ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အပင်ဇီဝနည်းပညာဇဟိုဌာနသို့ ရောက်ရှိပြီး သီးနှံမျိုးများအလိုက် မျိုးဗီဇသန့်စင်မှုစစ်ဆေးသည့်လုပ်ငန်းများနှင့် အပင်ဇီဝနည်းပညာဖြင့် သီးနှံမျိုးကောင်းမျိုးသန့် ထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။**

## ဖြန့်ဝေပေး

ထို့နောက် ဝန်ကြီးသည် ရှင်းလင်းဆောင်၌ ဌာနဆိုင်ရာတာဝန်ရှိသူများအား ပန်းတိုင်အထွက်နှုန်းရရှိရန် အဓိကသီးနှံ ၁၀မျိုး၊ အထူးသဖြင့် စပါးသီးနှံတွင် အရည်အသွေးကောင်းပြီး အထွက်နှုန်းကောင်းသည့် မျိုးများထုတ်လုပ်မှုကို အထောက်အကူပြုရန်နှင့် ဈေးကွက်ဝင် ဈေးကောင်းရသီးနှံများ ဖော်ထုတ်၍ တောင်သူလယ်သမားများအား ဖြန့်ဝေပေးရန် မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် စပါးအဖိုဝတ်မှုန်မှ မျိုးသစ်ထုတ်လုပ်မှုနှင့် စပ်မျိုးသစ်ခွများ၊ ဆေးဖက်ဝင် သစ်ခွများအား တစ်သျှူးမျိုးပွားနည်းဖြင့် မျိုးပွားထားမှု၊ ဓာတ်ခွဲခန်းများ၌ ဇရာဝတီတိုင်းမှ ပေါ်ဆန်းမွှေး စပါးမျိုးများစုဆောင်း၍ DNA finger print ပြုလုပ်နေမှု၊ ဆန်တွင် အမိုင်လိုဓာတ်ပါဝင်မှု စမ်းသပ်နေမှု၊ စပါးအဖိုဝတ်မှုန်မှ တစ်သျှူးမျိုးပွားမှု၊ ဆေးဖက်ဝင်သစ်ခွနှင့် သဇင်ပန်းမျိုးများ မျိုးပွားခန်း၌ ထားသိုစုဆောင်းမှုနှင့် ဇီဝနည်းပညာဖြင့် မျိုးသစ်သုတေသန ဆောင်ရွက်ချက်တင်ပြမှုတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာ အခြေခံသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၁၆) သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂ရက် နံနက်ပိုင်းက ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) ဝန်ထမ်းရေးရာနှင့် သင်တန်းဌာနခွဲ ညွှန်ကြားရေးမှူး ဦးညွန့်တင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

## တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် သင်တန်းသား ၄၀တို့ တက်ရောက်ကြပြီး သင်တန်းကာလ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**



# တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၅

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ဘော်လီဘောပြိုင်ပွဲ(မော်လမြိုင်ဇုန်) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂ရက်က မော်လမြိုင်တက္ကသိုလ်အားကစားရုံ၌ ကျင်းပရာ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဌေးအောင်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

## ကျင်းပ

ယင်းပြိုင်ပွဲတွင် မော်လမြိုင်တက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ မြိတ်တက္ကသိုလ်နှင့် ပဲခူးဒီဂရီကောလိပ်တို့မှ အမျိုးသားဘော်လီဘောအသင်းများ ပါဝင်ယှဉ်ပြိုင်ကြပြီး ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၇ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# စက်ဘီးဖြင့် ခရီးလှည့်သူများအား ထားဝယ်အသင်းမှ ဂုဏ်ပြု

ရန်ကုန် ဩဂုတ် ၅

ဇွန် ၁ရက်က ထားဝယ်မြို့မှ ပြည်နယ်နှင့်တိုင်း ၁၄ခုသို့ စက်ဘီးဖြင့် မိုင် ၂၆၀၀ ခရီးထွက်ခဲ့သော ဦးသီးလှိုင် အသက် (၈၀)၊ ဦးအောင်နိုင်နှင့် ဦးဇော်မင်းဦး တို့သည် ရက်ပေါင်း ၆၀ကြာပြီးနောက် ဇူလိုင် ၃၀ရက်က ရန်ကုန်မြို့ သုဝဏ္ဏအားကစား ပြိုင်ဝင်းသို့ ပန်းဝင်လာရာ ထားဝယ်အသင်းနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့က ကြိုဆိုကြသည်။

## ဆုချီးမြှင့်

ထို့နောက် ဇူလိုင် ၃၁ရက် ညနေ ၃နာရီတွင် ထားဝယ်အသင်းတိုက်၌ ဂုဏ်ပြုပွဲကျင်းပရာ ဦးဆောင်နာယက ဦးလှတင်က ချီးကျူးဂုဏ်ပြုစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးခင်စိုးက ဆုငွေများနှင့် ဂုဏ်ပြုဆုများချီးမြှင့်သည်။ **(အောက်ပုံ)**

**(ထားဝယ်အသင်း)**



# သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

# တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲတက်ရောက်

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)





**နေပြည်တော် ဩဂုတ် ၅**

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ဩဂုတ် ၂ ရက်တွင် အမှတ်(၇)တည်းခိုရေးစခန်း၌ ကျင်းပသော တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး စစ်တုရင်ပြိုင်ပွဲကို ဖွင့်လှစ်ပေး၍ ပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကာ အခမ်းအနားသို့ တက်ရောက်လာကြသော ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေး ဟောပြောပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၅**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ဦးဆောင်မှုဖြင့် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲနှင့် အမျိုးသမီးငယ်ရွယ်လုပ်ငန်း အဖွဲ့ခွဲတို့ ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်ခင်မေစိုး၊ ဒုတိယခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေး လုပ်ငန်းအဖွဲ့ခွဲ၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲ၊ အမျိုးသမီးငယ်ရွယ် လုပ်ငန်းအဖွဲ့ခွဲနှင့် လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီး ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲတို့မှ ခေါင်းဆောင်များ၊ လုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသူ ၅၀၀ ခန့် တက်ရောက်ကြသည်။

**အသိပညာပေးဟောပြော**

အသိပညာပေးဟောပြောပွဲတွင် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့ခွဲမှ အဖွဲ့ဝင် ဒေါ်ဖြူသန့်ပိုင်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဖွင့်လှစ်ခဲ့သော "Financially Empowering Women Through Education Industry"သင်တန်းဆိုင်ရာ ‘‘ပညာရေးကဏ္ဍ၏ ပြောင်းလဲလာသော သင်ကြားမှု ပုံစံသစ်များ’’ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အမျိုးသားစာပေဆုရ စာရေးဆရာမ တက္ကသိုလ်ကြူကြူသင်းက ‘‘လောကကို အလှဆင်ကြစို့’’ ခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေး ဟောပြောကြသည်။

**ပြန်လည်ပြောကြား**

ထို့နောက် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်ဖြူသန့်ပိုင်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပညာရေး ရန်ပုံငွေအတွက် အလှူငွေကျပ် နှစ်သိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ထွန်းက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အသိပညာပေးဟောပြောပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ဦးဆောင်မှုဖြင့် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲနှင့် အမျိုးသမီးငယ်ရွယ်လုပ်ငန်းအဖွဲ့ခွဲတို့ ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲကို ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၁၀ခုနှစ် ဩဂုတ်လအတွက်**

**(၈-၈-၂၀၁၀)ရက်နေ့ နှင့်**
**(၂၉-၈-၂၀၁၀)ရက်နေ့**

# Yangon City Guide @ Yangon Bus Directory (2010) ထွက်ရှိ

**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်မြို့တော်အတွင်း သွားလာနေသူများ ယခုထက်ပိုမိုအဆင်ပြေစွာ သွားလာနိုင်စေရန်၊ မြို့တော်သို့ လာရောက်လည်ပတ်သူများအခက်အခဲမရှိ လိုရာခရီးသို့ လျင်လျင်မြန်မြန် သွားလာနိုင်စေရန်၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် ဈေးကွက်စီမံကိန်းများ ပိုမိုကောင်းမွန်စွာ ဖော်ဆောင်နိုင်ရန်၊ တိုင်းပြည်၏ လိုအပ်ချက်ကွက်လပ်တစ်ခုကို အဆင့်အတန်းရှိရှိ ဖြည့်ဆည်းပေးနိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် Yangon City Guide @ Yangon Bus Directory (ရန်ကုန်မြို့တော်လမ်းညွှန်) ကို ပြုစုထုတ်ဝေလိုက်သည်။

**ထည့်သွင်းပေး**

စာအုပ်ကို တစ်နှစ် တစ်ကြိမ် ပြုစုထုတ်ဝေလျက်ရှိရာ ယခုတတိယမြောက်စာအုပ်ထွက်ရှိလာခြင်း ဖြစ်သည်။ ယခင်နှစ်များထက် ပိုမိုပြည့်စုံစွာ သတင်းအချက်အလက်များကို ထည့်သွင်းပေးထားသည်။

စာအုပ်ပါ အကြောင်းအရာများမှာ ရန်ကုန်မြို့ တစ်မြို့လုံး၏ လမ်းသွယ်များအပါအဝင် လမ်းအသေးစိတ်ပြမြေပုံများကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ပြည့်ပြည့်စုံစုံ ဖော်ပြထားရှိခြင်း၊ လမ်းများ၏ အမှတ်အသားနှင့် အထင်ကရ အဆောက်အအုံများကို နှစ်ဖက်မြင် သို့မဟုတ် သုံးဖက်မြင် ရုပ်ကြွများဖြင့် ပုံဖော်ထားခြင်း၊ ဘတ်စ်ကားရပ်သည့် မှတ်တိုင်များအားလုံးကို အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ဖော်ပြထားရှိခြင်း၊ မြို့နယ်အမည်များ၊ ယာဉ်လမ်းကြောင်းများ၊ လူကူးမျဉ်းကျားများ၊ တံတားများ၊ ခုံးကျော်တံတားများ၊ မြို့ပတ်ရထားလမ်းကြောင်းများ၊ မြို့ပတ်ဘူတာရုံများ၊ မြို့နယ်နယ်နိမိတ်သတ်မှတ်မျဉ်းများ၊ မြစ်များ၊ ချောင်းများ စသည်ဖြင့် အပြင်နှင့် အနီးစပ်ဆုံးဖြစ်စေရန် ဖော်ပြပေးထားခြင်း၊ မြေပုံများကို အသုံးပြုရလွယ်ကူစေရန် မြို့နယ်အလိုက် အရောင်များဖြင့် ခွဲခြားပေးထားခြင်း၊ လမ်းအမည်စာရင်းများကို အစီအစဉ်လိုက်စဉ်ကာ မြေပုံနံပါတ်အညွှန်းများဖြင့် အစိမ်းရောင်စာမျက်နှာများတွင် ဖော်ပြပေးထားခြင်းဖြင့် အသုံးပြုသူများ လွယ်ကူလျင်မြန်စွာ ရှာဖွေသုံးစွဲနိုင်ခြင်း၊ ဘတ်စ်ကားလမ်းညွှန်များကို အပိုင်းနှစ်ပိုင်းခွဲကာ မှတ်တိုင်တစ်ခုချင်းစီတွင် ရပ်သည့် ယာဉ်လိုင်းများအားလုံးနှင့် ယာဉ်လိုင်းတစ်ခုချင်းစီ၏ ယာဉ်လမ်းကြောင်းများအား အပြာရောင်စာမျက်နှာများတွင် ပြည့်စုံစွာ ဖော်ပြပေးထားခြင်း၊ စီးပွားရေးလုပ်ငန်းများ အနက် အသုံးများသည့် လုပ်ငန်းများကို စုစည်းကာ အဝါရောင်စာမျက်နှာများတွင် လိပ်စာနှင့် ဖုန်းနံပါတ်များကို တိတိကျကျ ဖော်ပြပေးထားခြင်း၊ အစိုးရရုံးဖုန်းများကို ရန်ကုန်နှင့် နေပြည်တော်ခွဲကာ လိမ္မော်ရောင်စာမျက်နှာများဖြင့် ဖော်ပြပေးထားခြင်း၊ သုံးစွဲသူနိုင်ငံခြားသားများအတွက် ပိုမိုအသုံးဝင်စေရန် လေယာဉ်ဝင်/ထွက်ချိန်များ၊ မီးရထားအချိန်ဇယားများ၊ အဝေးပြေးယာဉ်ထွက်ခွာချိန်များ၊ သင်္ဘောထွက်ခွာချိန်များကို Tourist Information စာမျက်နှာများဖြင့် တွဲဖက်ကာ ဖော်ပြပေးထားခြင်းနှင့် ရန်ကုန်တစ်မြို့လုံး မြေပုံနှစ်ပုံ၊ မြန်မာပြည်မြေပုံတစ်ပုံတို့ကို အရှေ့ပိုင်းတွင် ဖော်ပြပေးထားခြင်းတို့ဖြစ်သည်။

**ဆက်သွယ်စုံစမ်းနိုင်**

သွားလိုရာသို့သယ်သွားလို့ရပြီး ဝိုင်ယာကွင်းများဖြင့် ချုပ်ထားသဖြင့် စာမျက်နှာများကို ၁၈၀ဒီဂရီအပြည့်လှန်ကာ လက်တစ်ဖက်တည်းဖြင့်ကိုင်၍ အသုံးပြုလို့ရသည်။ တက္ကစီသမားများ၊ ရုံးသမားများ၊ ကျောင်းသား ကျောင်းသူများ၊ စီးပွားရေးလုပ်ငန်းများ၊ ကားမောင်းသူများအတွက် အလွန်အသုံးဝင်သည်။ ကုမ္ပဏီများသို့ အခမဲ့ဖြန့်ချိပေးပြီး အပြင်မှ သုံးစွဲလိုသူများအတွက် စာအုပ်ဆိုင်များတွင် တင်ပေးထားသည်။ ရောင်းဈေးမှာ ငွေကျပ် ၃၅၀၀ ဖြစ်ပြီး ပြီးပြည့်စုံသည့် မြေပုံလမ်းညွှန်စာအုပ်တစ်အုပ်ဖြစ်သည်။ အမှတ် ၁၁၄ အခန်း(၆) လမ်း ၅၀ ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၅၅၆နှင့် ၃၉၇၂၄၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဩဂုတ် ၅**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ညနေ ၄နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ဘောလုံးအားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

**အနိုင်ရရှိ**

နေပြည်တော်ဘောလုံးအားကစားပြိုင်ကွင်းတွင် ကျင်းပသောပွဲစဉ်၌ (ဓ)အုပ်စုမှ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို လေးဂိုး-ဂိုးမရှိ ဖြင့်လည်းကောင်း၊ နေပြည်တော်ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်းတွင် ကျင်းပသောပွဲစဉ်၌ (ဃ)အုပ်စုမှ သတ္တုတွင်းဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ နေပြည်တော် လယ်ဝေး ဘောလုံးအားကစားပြိုင်ကွင်းတွင် ကျင်းပသောပွဲစဉ်၌ (ဃ)အုပ်စုမှ စီမံ/စီးပွား ဝန်ကြီးဌာနအသင်းက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ဩဂုတ် ၆ ရက် ပွဲစဉ်များအဖြစ် နေပြည်တော်ဘောလုံးအားကစားပြိုင်ကွင်း၌ (ဆ)အုပ်စုမှ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်း၊ နေပြည်တော်ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်း၌ (ဆ)အုပ်စုမှ တရားရုံးချုပ်အသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# International Youthday အထိမ်းအမှတ် ဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၅**

သစ်တောဦးစီးဌာနနှင့် ထူးဖောင်ဒေးရှင်းတို့ပူးပေါင်း၍ International Youthday အထိမ်းအမှတ်ဟောပြောပွဲကို ဩဂုတ် ၇ရက် နံနက် ၉နာရီမှ ညနေ ၃နာရီအထိ လှော်ကားဥယျာဉ်၌ ကျင်းပမည်ဖြစ်ကြောင်း၊ Youth and Green Environment ခေါင်းစဉ်ဖြင့် ဟောပြောကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူတိုင်း တက်ရောက်နိုင်ကြောင်းနှင့် ဩဂုတ် ၁၂ရက်တွင် ကျရောက်မည့် International Youthday အထိမ်းအမှတ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



လောင်းလုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေး၌ ခြင်၊ ယင်အန္တရာယ်မှ ကာကွယ်ရန်ဆေးဖျန်းခြင်းလုပ်ငန်းကို ဇူလိုင် ၁၇ရက်က အမှုဆောင်အရာရှိ ဦးထွန်းမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးစိုးထိုက်ဦးတို့ ကြီးကြပ်လျက် အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

# ကမ္ဘာ့အားကစားသတင်းအတိုအထွာ

ချစ်စိုးနိုင် - စုစည်းသည်

## မာရေး၏ကမ်းလှမ်းမှု ကာဟေးလ်ငြင်းပယ်

ဗြိတိသျှ အဆင့်(၁) တင်းနစ်သမား အန်ဒီမာရေးသည် သြစတြေးလျတင်းနစ်နည်းပြ ဒါရင်ကာဟေးလ်အား ၎င်း၏ နည်းပြသစ်အဖြစ် ကမ်းလှမ်းခေါ်ယူသော်လည်း ကာဟေးလ်က ငြင်းပယ်ခဲ့ကြောင်း သိရသည်။

## အီဗန်လင့်ဒ် တင်းနစ်ပြန်လည်ကစားမည်

၁၉၉၄ခုနှစ်က တင်းနစ်လောကမှ အနားယူပြီး တင်းနစ်မြင်ကွင်းမှ ပျောက်ကွယ်နေသူ ကမ္ဘာ့အဆင့် (၁) တင်းနစ်သမားဟောင်း အီဗန်လင့်ဒ်သည် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပမည့် အေတီပီချန်ပီယံ တိုးတင်းနစ်ပြိုင်ပွဲတွင် ပွဲဦးထွက်ပြန်လည် ပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် ၁၆နှစ်ကြာ အနားယူခဲ့မှုကို အဆုံးသတ်မည်ဟုဆိုသည်။

## ဒီယာရာအား ခေါ်ယူရန် မန်ယူစီစဉ်

မန်ယူအသင်းသည် ရီးရဲမက်ဒရစ်ကွင်းလယ်ကစားသမား လက်ဆာနာဒီယာရာအား ကမ်းလှမ်းခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။

## အပြေးချန်ပီယံ ဒိုင်ဂရီနီ ရွှေဆွတ်ခူးရန် ကြိုးပမ်းမည်

ဥရောပချန်ပီယံရှစ် မီတာ ၄၀၀ တန်းကျော်ပြေးပွဲ ချန်ပီယံ ဝေလပြေးခုန်ပစ်သမားဒိုင်ဂရီနီက လာမည့် နေသဟာယပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးရေး ကြိုးပမ်းမည်ဖြစ်ကြောင်း ပြောကြားသည်။

## ဟက်တန်၏သရဖူ ဝစ်တာ မျက်စိကျနေ

ဒဗလျူဘီစီလိုက်ဝယ်လ်တာဝိတ်ချန်ပီယံဟောင်း ဂျူနီယာဝစ်တာသည် ဥရောပဝယ်လ်တာဝိတ်ချန်ပီယံ မက်သရူးဟက်တန်၏ သရဖူကို မျက်စိကျလျက်ရှိပြီး ဟက်တန်နှင့်ယှဉ်ပြိုင်ထိုးသတ်ပြီး သရဖူရယူရန် ပစ်မှတ်ထားလျက်ရှိသည်။

## ဒဗလျူဘီအေသရဖူ ဂျူဒက်ချ်ရယူလို

အမေရိကန်နိုင်ငံ နယူးယောက်မြို့မှ အသက် ၃၂နှစ်အရွယ်ရှိ လက်ဝှေ့သမား ဇက်ထ်ဂျူဒက်ချ်သည် ဗြိတိသျှလက်ဝှေ့သမား အမီရ်ခန်းနှင့် ယှဉ်ပြိုင်ထိုးသတ်ကာ ခန်း၏ ဒဗလျူဘီအေသရဖူကို ရယူလိုကြောင်း သိရသည်။

## ပိုလ်ဆင်အား စာချုပ်ရန် လီဗာပူး ဆွေးနွေးနေ

လီဗာပူးအသင်းသည် ဂျူဗင်းတပ်စ်အသင်းမှ ကွင်းလယ်ကစားသမား ခရစ္စတီယန်ပိုလ်ဆင်အား စာချုပ်ခေါ်ယူရန် ဆွေးနွေးမှုများ ပြုလုပ်နေသည်။

## ကမ္ဘာ့သရဖူကို ပြန်ယူမည်ဟု မက်ကာရီနယ်လီဖွင့်ဟ

ဝေလနိုင်ငံ ဆွန်ဆီးမြို့မှ အသက် ၂၉နှစ်အရွယ်ရှိ ဒဗလျူဘီအိုချန်ပီယံဟောင်းနှင့် လက်ရှိဥရောပခရူဇာဝိတ်ချန်ပီယံ အန်ဇိုမက်ကာရီနယ်လီက ၎င်းအနေဖြင့် ကမ္ဘာ့သရဖူကို ပြန်လည်ရယူနိုင်သည့် ပထမဦးဆုံးသော ဝေလနိုင်ငံသားဖြစ်လာစေရမည်ဟု ကတိပြုပြောကြားခဲ့သည်။ မက်ကာရီနယ်လီသည် လာမည့်စက်တင်ဘာ ၁၈ရက်တွင် ဗြိတိန်နိုင်ငံ ဘာမင်ဂမ်မြို့ရှိ အယ်လ်ဂျီးအားကစားရုံကြီးတွင် ၎င်း၏ ပထမဦးဆုံး ဥရောပသရဖူကာကွယ်ပွဲအဖြစ် အလက်ဇန္ဒြားဖရင်ကယ်လ်နှင့် ယှဉ်ပြိုင်ထိုးသတ်မည် ဖြစ်သည်။

## အက်ဆူလင်အား ခေါ်ယူရန် မန်စီးတီးအသင့်ရှိနေ

ဘာစီလိုနာဘောလုံးအသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၃၄သန်းတန် အစ္စရေးဆယ်ကျော်သက် တိုက်စစ်မှူး ဂယ်အက်ဆူလင်သည် အသင်းနှင့် စာချုပ်ချုပ်ဆိုမှုကို ဖျက်သိမ်းပြီးနောက် ၎င်းအား မန်စီးတီးက ခေါ်ယူရန် အသင့်ရှိနေသည်ဟု ဆိုသည်။

## ဘာလင်ပြေးခုန်ပစ်၌ ဆီမီညာ ဆင်နွှဲမည်

ကမ္ဘာ့ပြေးခုန်ပစ် မီတာ ၈၀၀ ချန်ပီယံဖြစ်သည့် တောင်အာဖရိက ပြေးခုန်ပစ်မယ် ကက်စတာဆီမီညာသည် ယခုလနှောင်းပိုင်းတွင် ဂျာမနီနိုင်ငံ ဘာလင်မြို့ အိုလံပစ်အားကစားပြိုင်ကွင်း၌ ကျင်းပမည့် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲမည်ဖြစ်ကြောင်း သိရသည်။ ။

(အင်တာနက်)

# ဝိတ်တန်းအလိုက် အကောင်းဆုံးလက်ဝှေ့သမားများ

စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

လန်ဒန် ဩဂုတ် ၅

လက်ဝှေ့လောက၌ ကမ္ဘာကျော်လက်ဝှေ့သမားများပေါ်ထွက်ခဲ့သည်။ ကက်စီးယပ်ကလေးမှသည် မိုက်တိုင်စန်တို့ ခေတ်အထိပင်။ ယခုအခါ ဝိတ်တန်းအလိုက် အကောင်းဆုံးလက်ဝှေ့သမား ၁၀ဦးကို ကမ္ဘာ့လက်ဝှေ့ကောင်စီက စာရင်းထုတ်ပြန်လိုက်ရာတွင် ဝယ်လ်တာဝိတ်ချန်ပီယံဖလွိုက်မေဝယ်သာ၊ လိုက်ဝယ်တာဝိတ်တန်းမှ မန်နီပတ်ကွိုင်အော၊ လိုက်ဝိတ်တန်းမှ ဂျန်မန်နူရယ်မာကွက်ဇ် တို့က ထိပ်ဆုံးစာရင်း၌ ပါဝင်နေကြသည်။



### ဂျန်မန်နူရယ်မာကွက်ဇ်

| | | |
|---|---|---|
| ဝိတ်တန်း | ။ ။ | လိုက်ဝိတ် |
| နိုင်ငံသား | ။ ။ | မက္ကဆီကို |
| မွေးရပ် | ။ ။ | မက္ကဆီကိုစီးတီးမြို့ |
| အသက် | ။ ။ | (၃၇)နှစ် |
| | | ၁၉၇၃ခုနှစ်၊ ဩဂုတ် ၂၃ရက် |
| အရပ် | ။ ။ | ၅ပေ၊ ၇လက်မ |
| လက်ရှိနေရပ် | ။ ။ | အမေရိကန်၊ ကယ်လီဖိုးနီးယားပြည်နယ် အနာဟမ်းမြို့ |
| ပွဲချီပေါင်း | ။ ။ | ၃၉၉ချီ |
| နိုင်ပွဲ | ။ ။ | ၅၀ပွဲ |
| သရေပွဲ | ။ ။ | တစ်ပွဲ |
| ရှုံးပွဲ | ။ ။ | လေးပွဲ |
| ဒိုင်ပွဲရပ် | ။ ။ | ၃၈ပွဲ |



### ဖလွိုက်မေဝယ်သာ

| | | |
|---|---|---|
| ဝိတ်တန်း | ။ ။ | ဝယ်တာဝိတ် |
| နိုင်ငံသား | ။ ။ | အမေရိကန်၊ မီချီဂန်မြို့ |
| အသက် | ။ ။ | (၃၃)နှစ် |
| | | ၁၉၇၇ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ရက် |
| အမည်ပြောင် | ။ ။ | ပရက်တီဘွိုင်း၊ မန်းနီးမေဝယ်သာ |
| အရပ် | ။ ။ | ၅ပေ၊ ၈လက်မ |
| လက်ဝှေ့ပွဲချီ | ။ ။ | ၂၈၇ချီ |
| ပြိုင်ပွဲ | ။ ။ | ၄၁ပွဲ |
| နိုင်ပွဲ | ။ ။ | ၄၁ပွဲ |
| သရေပွဲ | ။ ။ | မရှိ |
| ရှုံးပွဲ | ။ ။ | မရှိ |
| ဒိုင်ပွဲရပ် | ။ ။ | ၂၅ပွဲ |



### မန်နီပတ်ကွိုင်အော

| | | |
|---|---|---|
| ဝိတ်တန်း | ။ ။ | လိုက်ဝယ်တာဝိတ် |
| နိုင်ငံသား | ။ ။ | ဖိလစ်ပိုင် |
| မွေးရပ် | ။ ။ | ဖိလစ်ပိုင်နိုင်ငံ၊ ကီဘာဝေမြို့ |
| အသက် | ။ ။ | (၃၂)နှစ် |
| | | ၁၉၇၈ခုနှစ်၊ ဒီဇင်ဘာ ၁၇ရက် |
| အရပ် | ။ ။ | ၅ပေ၊ ၆လက်မ |
| ထိုးပြီးလက်ဝှေ့ပွဲချီပေါင်း | ။ ။ | ၃၀၅ချီ |
| လက်ဝှေ့ပွဲ | ။ ။ | ၅၆ပွဲ |
| နိုင်ပွဲ | ။ ။ | ၅၁ပွဲ |
| သရေပွဲ | ။ ။ | နှစ်ပွဲ |
| ရှုံးပွဲ | ။ ။ | သုံးပွဲ |
| ဒိုင်ပွဲရပ် | ။ ။ | ၃၈ပွဲ |
| မိသားစု | ။ ။ | ဇနီးဂျန်ကီနှင့် သားသမီးသုံးဦး |

(အင်တာနက်)

မြင့်မောင်စိုး - ရေးသားသည်



ဟောင်ကောင် အခြေစိုက် ကျူအက်စ်အယ်အားကစားကုမ္ပဏီမှ အမျိုးသမီးဝန်ထမ်းများက လီဗာပူးအသင်းကို ဝယ်ယူရန်ဆွဲဆောင်နေသည်ကို ဤသို့တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

## လီဗာပူးအသင်းအား ရောင်းချတော့မည်လား

လန်ဒန် ဩဂုတ် ၅

ကနေဒါနှင့် အရှေ့အလယ်ပိုင်းဒေသမှ ရင်းနှီးမြှုပ်နှံသူများ၏ စီးပွားရေးလုပ်ငန်းစုကြီးတစ်ခုက လီဗာပူးအသင်းကို ဝယ်ယူရန် နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဆီးရီးယားစီးပွားရေးလုပ်ငန်းရှင် ယာဟာကာဒီက ပြောကြားသည်။

အဆိုပါ စီးပွားရေးလုပ်ငန်းစုကြီးနှင့် လက်ရှိအသင်းပိုင်ရှင်များဖြစ်ကြသည့် ဂျော့ဂျီးလက်နှင့် တွန်ဟစ်တို့သည် အသင်းရောင်းဝယ်ရေးအတွက် အခြေခံသဘောတူညီမှုများ ရရှိထားပြီးဖြစ်ကြောင်း၊ ယခုအခါ နောက်ဆုံးအဆင့်ကို ဆွေးနွေးနေကြကြောင်း သိရသည်။

ဤအတောအတွင်း တရုတ်စီးပွားရေးလုပ်ငန်းရှင် ကင်နီဟူအန်း ဆိုသူကလည်း လီဗာပူးအသင်းကို ဝယ်ယူရန် စိတ်ဝင်စားကြောင်း ဖွင့်ဟပြောကြားလာသည်။ သူသည် ဟောင်ကောင်အခြေစိုက် ကျူအက်စ်အယ်အားကစားကုမ္ပဏီကို တည်ထောင်လုပ်ကိုင်နေသူဖြစ်သည်။

(အင်တာနက်)

## ပရီမီယာလိဂ်အကြိုခြေစမ်းပွဲ မန်ယူဂိုးစုံချိန်တင်

လန်ဒန် ဩဂုတ် ၅

မန်ယူနှင့် အိုင်ယာလန်ကလပ် အာထရီစီးတီးလိဂ်တို့သည် ဩဂုတ် ၄ရက်က ဒဗ္ဗလင်မြို့ရှိ အဗီဗာအားကစားကွင်းသစ်ကြီး၌ ချစ်ကြည်ရေးကစားကြရာ မန်ယူက ခုနစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး ရာသီအကြိုခြေစွမ်းကို ပြသလိုက်သည်။

မန်ယူအတွက် အဖွင့်ဂိုးကို ပွဲစပြီး ၁၃မိနစ်အကြာ ပတ်ဂျီဆန်ကသွင်းယူခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းမပြီးမီ တိုက်စစ်မှူးအိုဝင်က မန်ယူအတွက် ဒုတိယအနိုင်ဂိုးသွင်းယူခဲ့သည်။ လူစားဝင်လာသူ ဟာနန်ဒက်ဇ်၊ ဗလင်စီယာ၊ ဂျွန်အီးဗန်းစ်တို့ကလည်း တစ်ဂိုးစီသွင်းယူခဲ့သည်။ ပက်ဂျီဆန်က ဒုတိယမြောက်ဂိုး ထပ်မံသွင်းယူသည်။ ဒေ့ဗ်မူကာဟိုင်က စီးတီးလိဂ်အတွက် ချေပဂိုး သွင်းယူသည်။ နာနီက မန်ယူအတွက် ပယ်နယ်တီဖြင့် ဂိုးသွင်းယူခဲ့သည်။

(အင်တာနက်)

## တိုက်ဂါးဝုဒ် နံပါတ်တစ်နေရာ စွန့်လွှတ်ရဖွယ်ရှိ

အိုဟိုင်းယိုး ဩဂုတ် ၅

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်တွင် ယနေ့မှစပြီး ဩဂုတ် ၈ရက်အထိ ကမ္ဘာ့ဂေါက်ချန်ပီယံရှစ်ပြိုင်ပွဲကြီး ကျင်းပလျက်ရှိရာ တိုက်ဂါးဝုဒ်သည် ၎င်း၏ ကမ္ဘာ့နံပါတ်တစ်နေရာကို ခြိမ်းခြောက်ခံနေရသည်။

### ရောက်ရှိ

တိုက်ဂါးဝုဒ်၏ ကမ္ဘာ့နံပါတ်တစ်နေရာကို ခြိမ်းခြောက်လာသူများမှာ ဖီးလ်မိုက်ကယ်ဆင်နှင့် လီဝက်စ်ဝုဒ်တို့ ဖြစ်ကြသည်။ ဖီးလ်မိုက်ကယ်ဆင်သည် ယင်းပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့လျှင် ကမ္ဘာ့နံပါတ်လေးနေရာသို့ ရောက်ရှိလာမည်ဖြစ်သည်။ လီဝက်စ်ဝုဒ် အနိုင်ရဗိုလ်စွဲခဲ့လျှင် တိုက်ဂါးဝုဒ်၏ ကမ္ဘာ့နံပါတ်တစ်နေရာသို့ ရောက်ရှိလာမည်ဖြစ်ပြီး တိုက်ဂါးဝုဒ်မှာ ကမ္ဘာ့နံပါတ်နှစ်နေရာသို့ ရောက်ရှိသွားမည်ဖြစ်သည်။ (အင်တာနက်)

## တိုက်စစ်မှူး ဘာလော့တယ်လီ တစ်ပတ်လုပ်ခလစာ အများဆုံးလိုချင်

လန်ဒန် ဩဂုတ် ၅

မန်စီးတီးက ခေါ်ယူရန်စိုင်းပြင်းနေသော အင်တာမီလန်တိုက်စစ်မှူး မာရီယိုဘာလော့တယ်လီသည် တစ်ပတ်လုပ်ခလစာ ပေါင် ၁၈၀၀၀၀ ပေးနိုင်လျှင် မန်စီးတီးနှင့် စာချုပ်မည်ဖြစ်ကြောင်း ၎င်းက မန်စီးတီးမှ တာဝန်ရှိသူများအား ပြောကြားလိုက်သည်။

အသက် ၂၀အရွယ်ရှိ လူငယ်တိုက်စစ်မှူး ဘာလော့တယ်လီ၏ တစ်ပတ်လုပ်ခလစာအမြင့်ဆုံး တောင်းဆိုမှု



ကြောင့် မန်စီးတီးတို့ ခေါ်ယူစာချုပ်ရေးမှာ အခက်တွေ့နေသည်။

ယင်းလစာမှာ ပရီမီယာလိဂ်တွင် ဂိုးအများဆုံးသွင်းယူပေးခဲ့သည့် မန်ယူတိုက်စစ်မှူးရွန်နေနှင့် ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာတို့ထက်ပင် အလွန်များပြားနေသည့်အတွက် မန်စီးတီးနှင့် စာချုပ်ရေးမှာလည်း ပျက်ပြယ်ရဖွယ်ရှိနေသည်။ (အင်တာနက်)

# ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း အမျိုးသမီးဆေးရုံ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ဩဂုတ် ၃ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသမီးဆေးရုံခန်းမဆောင်၌ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး သားဖွားခန်းနှင့် အဆောက်အအုံကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်လူနာနှင့် ပြင်ပ လူနာများအား အာဟာရ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**

**ကြည့်ရှုအားပေး**

ယင်းနောက် မြို့တော်ဝန်သည် ဆေးရုံဝင်းအတွင်း ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# ဝက်လက်မြို့နယ်၌ တက်လူစာကြည့်တိုက်ဖွင့် ရုပ်မြင်သံကြားနှင့် စာအုပ်စာစောင်များလှူဒါန်း

**ဝက်လက် ဩဂုတ် ၁**

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဘုရားပြန်ကျေးရွာ၌ နိုင်ငံတော်မတည်ငွေဖြင့်ဆောက်လုပ်သော တက်လူစာကြည့်တိုက်ဖွင့်ပွဲကို ဇွန် ၁၇ရက် နံနက် ၁၁နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညို့ဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးသာဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

**ဟောပြော**

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်က အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်သန်းဝင်းက စာကြည့်တိုက်ရှင်သန်ခိုင်မာရေး၊ စာပေလေ့လာဖတ်ရှုရေးနှင့် ငွေကြေးပါသော စာငှားကတ်စနစ် ကျင့်သုံးရေးတို့ကို ဟောပြောသည်။

ထို့နောက် စာကြည့်တိုက်အတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ရုပ်မြင်သံကြားစက်တစ်လုံးနှင့် တိုင်းဦးစီးမှူး ဦးတင်သန်းဝင်း၊ ခရိုင်ဦးစီးအရာရှိ ဦးညို့ဝင်း၊ မြို့နယ်အတွင်းရေးမှူး ဒေါ်ဆွေဆွေသန့်တို့က သုတ၊ ရသ စာအုပ်များလှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌနှင့် စာကြည့်တိုက်မှူး ဦးစိုးနိုင်တို့က လက်ခံယူသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြန်မာနိုင်ငံ ကွန်ပျူတာအသင်းများ နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် ဩဂုတ် ၅**

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က ကြီးမှူး၍ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်းများ၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဩဂုတ် ၁ရက် နံနက် ၉နာရီခွဲက ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်စ်ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးတွင် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၏ ၂၀၀၉-၂၀၁၀ခုနှစ် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီးနောက် ၂၀၁၀-၂၀၁၂ခုနှစ်အတွက် ဥက္ကဋ္ဌ ဦးရဲရင့်ဝင်း၊ အတွင်းရေးမှူး ဦးသောင်းစုငြိမ်းတို့ ပါဝင်သည့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင်အဖွဲ့ ၂၈ဦးကို ဖွဲ့စည်းပြီး အတည်ပြုသည်။

**အတည်ပြု**

ထို့နောက် ၂၀၁၀-၂၀၁၂ခုနှစ်အတွက် ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်၊ အတွင်းရေးမှူး ဦးဇော်မင်းဦးတို့ ပါဝင်သည့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း အလုပ်အမှုဆောင်အဖွဲ့ ၃၅ဦးကို ဖွဲ့စည်းပြီး အတည်ပြုသည်။

**ဖွဲ့စည်း**

ယင်းနောက်၂၀၁၀-၂၀၁၂ခုနှစ်အတွက် ဥက္ကဋ္ဌ ဦးထွန်းလှ၊ အတွင်းရေးမှူး ဒေါ်ခင်မာထွေးတို့ပါဝင်သည့်မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင်အသင်း အလုပ်အမှုဆောင်အဖွဲ့ ၃၇ဦးကို ဖွဲ့စည်းပြီးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အမရပူရ၌ စုပေါင်းသစ်ပင်စိုက်ပျိုး



**အမရပူရ ဇူလိုင် ၂၉**

အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာအုပ်စုရှိ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး)တွင် စုပေါင်းသစ်ပင် စိုက်ပျိုးမှုကို ဇွန်၂၅ရက် နံနက်၈နာရီက ကျင်းပရာ ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၅၃၀ တက်ရောက်ကြသည်။

**ပျိုးပင်ပေးအပ်**

ရှေးဦးစွာ ကျောင်းအုပ်ကြီး ဦးနန်းအောင်က သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပရခြင်းကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများအား ပျိုးပင်များ ပေးအပ်သည်။

ထို့နောက် ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ဌာနမှူး(စီမံ)နှင့် ပါမောက္ခများ၊ ဌာနမှူးများ၊ သင်ကြားရေးနှင့် စီမံရေးရာ အရာထမ်း၊ အမှုထမ်းများနှင့် ကျောင်းသားများက စုပေါင်း၍ သစ်ပင်စိုက်ပျိုးကြသည်။ **(အပေါ်ပုံ)**

**စိုက်ပျိုး**

စိုက်ပျိုးသည့်အပင်များမှာ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ စိန်ပန်းဝါ၊ ငုစပ်၊ ငုဝါ၊ စက္ကူပန်း၊ နွယ်သာကီ၊ စံပယ်နှင့် ပန်းအလှပင် စုစုပေါင်းအပင် ၅၀၀ စိုက်ပျိုးခဲ့ကြသည်။ **(မြန်မာ့အလင်း)**

# သစ်ပင်စိုက်ပျိုးပွဲ ပြင်ဦးလွင်၌ကျင်းပ

**ပြင်ဦးလွင် ဇူလိုင် ၂၉**

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၁ရက်က ပြင်ဦးလွင်မြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။ ကျောင်းဝန်းကျင် စိမ်းလန်းစိုပြည်ရေး အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတွင် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်သက်လှစုနှင့် ဆရာ ဆရာမများ ဦးဆောင်ကြီးကြပ်လျက် ကျောင်းဝင်းအတွင်းနှင့် ကျောင်းပြင်ပများတွင် အရိပ်ရ သစ်ပင်မျိုးစုံ၊ ပန်းမန်များနှင့် စားသီးနှံမျိုးစုံတို့ကို ကျောင်းသား ကျောင်းသူများက စိုက်ပျိုးကြသည်။ **(၀၈၈)**

# မှူခင်းကျဆင်းရေး ကန့်ဘလူမြို့၌ ဟောပြော

**ကန့်ဘလူ ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် ရဲတပ်ဖွဲ့သည် မှုခင်းများ ကျဆင်းရေးအတွက် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဇွန် ၅ရက်က ဆန်းကုန်းကျေးရွာ ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်စိုး ဦးဆောင်၍ မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲ ကျင်းပသည်။ ဟောပြောပွဲသို့ ကျေးရွာ ရပ်မိရပ်ဖများ၊ စွမ်းအားရှင်များ၊ ကျေးလက်တောင်သူ ဦးကြီးများ စုစုပေါင်းအင်အား ၅၀၀ခန့် တက်ရောက်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

**မြို့နယ် သတင်း ထွေတလာ**



တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မိုင်းကိုးကျေးရွာအုပ်စု ပန်ဟတ်-မနော် ကျေးလက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇူလိုင်၂၉ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းလောဝ်ခမ်းတို့က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြစဉ်။ (၀၁၆)

# တမူးခရိုင်၌ စီမံကိန်းတာဝန်များ ပေးအပ်

**တမူး ဩဂုတ် ၄**

၂၀၁၀-၂၀၁၁အတွက် တမူးခရိုင်၏ စီမံကိန်းတာဝန်ပေးအပ်ပွဲကို ဇွန် ၁၄ရက် နံနက် ၁၀နာရီက တမူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကောင်းစံဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်နှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။ အခမ်းအနားတွင် တမူးခရိုင်ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး ခရိုင်စီမံကိန်းဦးစီးမှူး ဦးဝင်းဆွေက စီမံကိန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

**တာဝန်ပေးအပ်**

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက တမူးမြို့နယ်ဥက္ကဋ္ဌနှင့် ခမ်းပါတ်မြို့သစ် မြို့တာဝန်ခံများအား စီမံကိန်းတာဝန်ပေးအပ်ပြီး ခရိုင်စီမံကိန်းဦးစီးမှူးက ဌာနဆိုင်ရာများကိုယ်စား ခရိုင် စိုက်ပျိုးရေးမန်နေဂျာ ဦးဝင်းဆွေအား စီမံကိန်းတာဝန်ပေးအပ်သည်။ **(ခရိုင် ပြန်/ဆက်)**



ကန်ကြီးထောင့်မြို့ မြို့လယ်လမ်းမကြီး ဘေးဝဲယာတွင် ချုံနွယ်မြက်များ ရှင်းလင်းခြင်း၊ ရေမြောင်းများဖော်ခြင်းလုပ်ငန်းကို ဇူလိုင် ၁၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်သူ ရပ်ကွက်သားများ စုပေါင်းဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့် အမှုဆောင်အရာရှိ ဦးလှသိန်းတို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)



# ခြင်အန္တရာယ်ကင်းဝေးရေး ဟားခါး၌ ဆောင်ရွက်

**ဟားခါး ဇူလိုင် ၃၀**

ချင်းပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ၊ ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သင်းသင်းထွေးနှင့်အဖွဲ့သည် ဇူလိုင်၂၃ရက် နံနက်၁၀နာရီက ဟားခါးမြို့ ဈေးသစ်ရပ်ကွက်ရှိ မူလတန်းလွန်ကျောင်း၌ ခြင်ကျားကင်းစင် ဒို့ကျောင်းတစ်ခွင် ဆိုင်းဘုတ်စိုက်ထူခြင်း၊ ခြင်ဆေးဖျန်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ပစ္စည်းကိရိယာများထားရှိမှု၊ လျှပ်စစ်ဝိုင်ယာကြိုးများ စနစ်တကျ သွယ်တန်းထားရှိမှုအခြေအနေကို ဇူလိုင်၂၄ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးသန်းက လုပ်ငန်းများဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

# နွေစပါးရိတ်သိမ်းမှုနှင့် မိုးစပါးစိုက်ပျိုးပြီးစီးမှု ပဲခူးတိုင်း ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၅**

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်သည် ဇူလိုင် ၂၅ရက် နံနက်ပိုင်းက ပြည်မြို့ ညောင်ဝန်းကျေးရွာ၌ နွေစပါးရိတ်သိမ်းပြီးစီးမှု အခြေအနေနှင့် မိုးစပါးစိုက်ပျိုးပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ ရွှေဝါမြေကျေးရွာ စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ တာဝန်ရှိသူများက စာကြည့်တိုက်နှင့်စပ်လျဉ်း၍ ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး အလှူရှင်များက အလှူငွေနှင့် စာအုပ် စာစောင်များကို ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ တာဝန်ရှိသူများက စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မိုးရာသီသစ်ပင်စိုက်ပွဲ ဘိုကလေးမြို့၌ကျင်းပ

**ရန်ကုန် ဩဂုတ် ၅**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၇ရက်က ဘိုကလေးမြို့နယ် (ခုတင်-၁၀၀ ဆံ့) ဆေးရုံသွားလမ်း၌ ကျင်းပရာ **(အပေါ်ပုံ)** မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် သစ်တောဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများက ပျိုးပင်ပေါင်း ၂၅၀၀ကို စိုက်ပျိုးပေးကြသည်။ **(သတင်းစဉ်)**



# နွေစပါးစံကွက်များ မောက်မယ်၌ရိတ်သိမ်း

**မောက်မယ် ဇူလိုင် ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)မောက်မယ်မြို့နယ်၏ ၂၀၀၉-၂၀၁၀ရာသီနှစ် စိုက်ပျိုးထားသော နွေစပါးစံကွက်ကို ဇူလိုင် ၁၇ရက်က စဥ့်ဆိုင်ကျေးရွာအုပ်စု ကွင်းအမှတ် (၆၈) ဦးပိုင်အမှတ် (၁၄) ဧရိယာ ၁ဒသမ၅၀ ဧကရှိ တောင်သူ ဦးစိုင်းကော၏ လယ်မြေ၌ **(အပေါ်ပုံ)** မြို့နယ်ဥက္ကဋ္ဌ ဦးသက်ဦးဆွေ၊ မြို့နယ်နှင့် ကျေးရွာအုပ်စု စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးဝိုဘွယ်၊ မြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးလှဝင်းနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကြီးကြပ်လျက် တောင်သူများက ရိတ်သိမ်းရာ တစ်ဧကပျမ်းမျှအထွက်နှုန်း ၆၃ ဒသမ ၉၈ တင်းထွက်ရှိကြောင်း သိရသည်။ (၂၀၁)



ဇူလိုင် ၃၁ရက်က ရန်ကုန်မြို့နေ ဦးထွန်းအေး-ဒေါ်ကေသွယ်ဝင်း၊ သမီး မနန္ဒာထွန်း၊ သား မောင်အိုရီယံထွန်း (ရွှေပုသိမ်) ကုမ္ပဏီမိသားစုနှင့် ဒေါ်စုစုကြည်(Kohyo) ကုမ္ပဏီမိသားစုတို့က မြို့နယ်သာသနာ့ အကျိုးဆောင်အဖွဲ့ မြို့မဆွမ်းလောင်းအသင်းသို့ ငွေကျပ် ၇၅၀၀၀၀ ပေးအပ် လှူဒါန်းရာ ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် အတွင်းရေးမှူး ဦးနေဝင်းတို့ လက်ခံယူစဉ်။ (၁၅၇)

# မြို့နယ်သတင်း ထွေတလာ

သာပေါင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ကမ်းနားပန်းခြံအတွင်း မြေယာရှုခင်းအလှ ဆောင်ရွက်မှုကို ဇူလိုင် ၁၈ရက်က အမှုဆောင်အရာရှိ ဦးဌေးလွင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)





# ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း စဥ့်ကူးမြို့နယ်၌ဖွင့်

**စဥ့်ကူး ဩဂုတ် ၄**

ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့နယ် ကော်မရှင်အဖွဲ့မှ ကြီးမှူးဖွင့်လှစ်သည့် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် အဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းကို ဇူလိုင် ၁၅ရက် နံနက် ၁၀နာရီက ရွှေစဥ့်ကူး သမဝါယမအစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လူက အမှာစကား ပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းသန်းက ရွေးကောက်ပွဲဆိုင်ရာများနှင့် သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

**ပို့ချပေး**

အဆိုပါသင်တန်းတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မြို့နယ်ဥပဒေအရာရှိ ဦးမျိုးမြင့်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးလွင်နှင့် ဒုတိယရဲမှူး(ငြိမ်း) ဦးသိန်းဆွေတို့က ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် မဲရုံမှူးလမ်းညွှန်များကို သင်တန်း ပို့ချပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# ပညာအလင်းရောင်စာကြည့်တိုက် ပန္နက်တင်ပွဲကျင်းပ

**မိုးညှင်း ဩဂုတ် ၄**

နိုင်ငံတော်၏ခွင့်ပြုငွေဖြင့် ဆောက်လုပ်သည့် မိုးညှင်းခရိုင် ဟိုပင်မြို့နယ် ကြာကြီးကွင်းအုပ်စု ငါးမိုင်ကျေးရွာ ပညာအလင်းရောင်စာကြည့်တိုက် အဆောက်အအုံ ပန္နက်တင်မင်္ဂလာကို ဇွန် ၂၆ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံမြေနေရာ၌ ကျင်းပသည်။

ငါးမိုင်ကျေးရွာ ပညာအလင်းရောင်စာကြည့်တိုက် အဆောက်အအုံကို မိုးညှင်းခရိုင် ဟိုပင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းစိုး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတင်၊ ကျေးရွာဥက္ကဋ္ဌ ဦးသံချောင်းနှင့် ကျေးရွာ ရပ်မိရပ်ဖများက ပန္နက်တင်ဆောင်ရွက်ပေးကြသည်။**(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**



# မျိုးဆက်ပွားကျန်းမာရေးဆွေးနွေးပွဲ မြင်းမူ၌ကျင်းပ

**မြင်းမူ ဇူလိုင် ၂၈**

မြင်းမူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် ပြည်သူများအခြေပြု မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၇ရက် နံနက် ၁၀နာရီက မြို့နယ်ရုံး ရွှေပြည်သစ်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာသိမ်းက အမှာစကားပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သင်းသင်းကြိုင်က ပျိုရွယ်သူ မျိုးဆက်ပွားကျန်းမာရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးသန့်က မျိုးဆက်ပွားကျန်းမာရေးနှင့် ပတ်သက်၍ မြို့နယ်အနေဖြင့် လက်ရှိဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ) (၀၃၅)**



# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြောပွဲ မော်လမြိုင် အထက(၆)၌ ကျင်းပ

**မော်လမြိုင် ဩဂုတ် ၃**

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့က ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂ရက် နံနက် ၁၀နာရီက မော်လမြိုင်မြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင် မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်လှထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးအကြောင်းကိုလည်းကောင်း၊ ဒုရဲအုပ်နိုင်မင်းက စက်ဘီးစီးသူများနှင့် ခြေကျင်လျှောက်သူများ လိုက်နာရမည့် စည်းကမ်းချက် ၁၇ချက်ကိုလည်းကောင်း၊ ဒုရဲအုပ်အောင်နိုင်က ဆိုင်ကယ်စီးသူများ လိုက်နာရမည့် စည်းကမ်းချက်များကိုလည်းကောင်း၊ ဒုရဲအုပ်အောင်အောင်နိုင်က လက်အချက်ပြစနစ်များကိုလည်းကောင်း ဟောပြောကြသည်။

ထို့နောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဓာတ်လမ်းခွေနှင့် လက်ကမ်း စာစောင်များကို ရဲအုပ်လှထွန်းက အလယ် တန်းပြဆရာ ဦးကြည်လွင်ထံ ပေးအပ်သည်။ **(သတင်းစဉ်)**

# 2010 China-ASEAN Mining Cooperation Forum And Exhibition တက်ရောက်လိုက စာရင်းပေးနိုင်

**ရန်ကုန် ဩဂုတ် ၅**

ပထမအကြိမ် 2010 China-ASEAN Mining Cooperation Forum And Exhibition ကို ၂၀၁၀ ခုနှစ် စက်တင်ဘာ ၆ရက်မှ ၇ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ် နန်နင်းမြို့၌ ကျင်းပမည်ဖြစ်ပြီး ကွမ်းရှီးပြည်နယ်ရှိ သတ္တုတွင်းလုပ်ငန်းများနှင့် သတ္တုသန့်စင်ရေး အလုပ်ရုံ၊ စက်ရုံများသို့ သွားရောက်လေ့လာရေး အစီအစဉ်များ ပါရှိမည်ဖြစ်၍ စိတ်ပါဝင်စားကြသည့် သတ္တုလုပ်ငန်းရှင်များသည် ဩဂုတ် ၁၅ရက်အတွင်း အမှတ်၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ ကုန်သည်/စက်မှုအသင်းချုပ် ဖုန်း- ၂၁၄၃၄၄ မှ ၂၁၄၃၄၉ အထိ ဆက်သွယ်စုံစမ်း စာရင်းပေးပို့နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း ဆန်းသစ်တီထွင် ကမ္ဘာတစ်ခွင်

➤ ကိုသစ္စာ – ရေးသားသည် ➤

## လေနှင့် ရေတွင် မောင်းနှင်ပျံသန်းနိုင်မည့် လေယာဉ်

## တရုတ်ပညာရှင်များ တီထွင်ထုတ်လုပ်

ပေကျင်း ဩဂုတ် ၅

တရုတ်ပညာရှင်များက လေနှင့်ရေနှစ်မျိုးစလုံးတွင် ပျံသန်းမောင်းနှင်နိုင်မည့် လေယာဉ်တစ်မျိုးကို တီထွင်ထုတ်လုပ်လိုက်ပြီဖြစ်သည်။

"ဆီးဂယ်လ် ၃၀၀"ဟု အမည်ပေးထားသော အဆိုပါလေယာဉ်(ယာဉ်ပုံ)ကို တရုတ်နိုင်ငံ ဟီဘေပြည်နယ် ရှီကျီရာကျောင် မြို့ရှိ လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီက တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။



### ပထမဆုံး

၎င်းလေယာဉ်ကို တရုတ်နိုင်ငံ၌ ပထမဆုံး ထုတ်လုပ်ခြင်းဖြစ်ပြီး ဩဂုတ်လကုန်၌ စမ်းသပ်မောင်းနှင်ပျံသန်းမည်ဖြစ်သည်။ ယင်းလေယာဉ် အစိတ်အပိုင်းများကို ဩဂုတ် ၄ရက်က အပြည့်အစုံတပ်ဆင်ပြီးစီးသွားပြီဖြစ်ရာ စမ်းသပ်ပျံသန်းရန် နောက်ဆုံးအဆင့် စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ စီးပွားရေးနှင့် ခရီးသွားလာရေးလုပ်ငန်းတို့အတွက် လေနှင့်ရေနှစ်မျိုးစလုံး၌ မောင်းနှင်သွားလာနိုင်စေရန် တီထွင်ထားခြင်းဖြစ်သည်။

### အသုံးပြုနိုင်

အဆိုပါလေယာဉ်သည် ခရီးသည် လေးဦးမှခြောက်ဦးအထိ လိုက်ပါစီးနင်းနိုင်ပြီး ကမ္ဘာလှည့်ခရီးသွားများ အပျော်စီးနိုင်ရန်နှင့် ဆေးဝါးများ အရေးပေါ် ဖြန့်ဝေပေးနိုင်ရန်အတွက်လည်း အသုံးပြုနိုင်သည်။ တရုတ်နိုင်ငံ ကျူဟိုင်းမြို့တွင် လာမည့်နိုဝင်ဘာလ၌ကျင်းပမည့် လေကြောင်းပြပွဲ၌လည်း ၎င်းလေယာဉ်၏ စွမ်းရည်ကို မောင်းနှင်ပျံသန်းပြသရန် စီစဉ်ထားကြောင်း သိရသည်။

အင်တာနက်

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ပိုးသတ်ဆေးကြွင်းပမာဏ အနည်းငယ်သည် လူတို့၏ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်သွားသော်လည်း ချက်ချင်း ရောဂါလက္ခဏာမပြဘဲ အချိန်အတော်ကြာလာပြီး ပိုးသတ်ဆေးကြွင်း ဝင်ရောက်မှုပမာဏ များလာသည့်အခါမှသာ ရောဂါများဖြစ်ပေါ်ပါသဖြင့် လူသားတို့အနေဖြင့် ပိုးသတ်ဆေးကြွင်းများကြောင့် အဆိပ်သင့်နိုင်မှုအန္တရာယ်ကို အလေးထားမှု နည်းပါးလျက်ရှိ။

ပါမောက္ခ ဦးကျော်မြင့်ဦး (မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့)၏ ဆောင်းပါး (စာ-၈၊ ၉)

## မြစ်ရေကြီးခြင်းသတိပေးချက်

နေပြည်တော် ဩဂုတ် ၅

ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၈၅၁ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၈၇၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)